# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday, 2 October 2022 ၁၀၈၇၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# ဆေးဝန်ထမ်းတပ်ဖွဲ့သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက တပ်မတော်နှင့်အတူ ပေါက်ဖွားလာသည့် တပ်ဖွဲ့တစ်ခုဖြစ် ခေတ်အဆက်ဆက်တွင်လည်း ဆေးတပ်ဖွဲ့ဝင်များသည် တိုင်းပြည်နှင့် လူမျိုးအကျိုး၊ တပ်မတော်၏အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့

## ယင်းအစဉ်အလာကောင်းများကို နောင်လာနောက်သားတို့အား လက်ဆင့်ကမ်းနိုင်ရေး ကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၁

(၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ မြို့တော်ဝန် ဦးဘိုဌေးနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားဆေးဝန်ထမ်းတပ်ဖွဲ့ဝင်အရာရှိကြီးများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံ ဆေးပညာရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



**ယနေ့** ဖတ်စရာ

**၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အခြေခံ၍ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းထုတ်ပြန်**

စာမျက်နှာ » ၁၄

**စားသုံးဆီနှင့် စက်သုံးဆီ ချွေတာကြမယ်ဆိုရင် ....**

ဆောင်းပါး

စာမျက်နှာ » ၁၈



**ရန်ကုန်မြို့ဆိပ်ကမ်းတွင် အောက်တိုဘာလအတွင်း နိုင်ငံတကာ ကုန်သေတ္တာတင်သင်္ဘော အစင်း ၅၀ ဆိုက်ကပ်ပြေးဆွဲမည်**

စာမျက်နှာ » ၂၄

ကြေးမုံ

# အေးချမ်းမှုဖျက်ဆီးသူ ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချ

မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ဆန့်ကျင်တိုက်ခိုက် အကြမ်းဖက်မှုအခြေအနေကိုလေ့လာကြည့်လျှင် ဒီမိုကရေစီရေး၊ နိုင်ငံရေးကိုခုတုံးလုပ်၍ ယုတ်မာပက်စက် အကြမ်းဖက်ရက်စက်သည့်လုပ်ရပ်များ လုပ်ကိုင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ အကြမ်းဖက်အဖျက်သမားတို့၏ ရက်စက်ယုတ်မာမှုလုပ်ရပ်များကို အားလုံးသိရှိပြီး ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချကြဖို့ လိုအပ်ပေသည်။

မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများတွင် စစ်ရေး၊ အုပ်ချုပ်ရေးတို့ကို တိုက်ခိုက်ခြင်းထက် အပြစ်မဲ့သော အရပ်ဘက်ပြည်သူများအား တိုက်ခိုက်မှုများ ပိုများနေသည်ကို တွေ့ရပေသည်။ ပြည်သူများအား ခုတုံးလုပ် အကာအကွယ်ယူ တိုက်ခိုက်မှုများ၊ အပြစ်မဲ့ပြည်သူများကိုသာမက ရဟန်း၊ သံဃာ၊ သီလရှင်များကိုပါတိုက်ခိုက်မှုများသည် ယုတ်မာရက်စက်သည့် အကြမ်းဖက်လုပ်ရပ်များဖြစ်သည်။ ယခုအခါတွင် မပြုလုပ်သင့်သော အများပြည်သူနှင့်သက်ဆိုင်သည့် ခရီးသည်ပို့ဆောင်မှုများတွင်ပါ တိုက်ခိုက်မှုများရှိလာရာ ဆိုးရွားကြမ်းတမ်းသော ရက်စက်ယုတ်မာသည့်လုပ်ရပ်များဖြစ်၍ ကြီးလေးသောရာဇဝတ်မှု၊ စစ်ရာဇဝတ်မှု အဖြစ် သတ်မှတ်ရမည်ဖြစ်သည်။

အစောပိုင်းက အများပြည်သူသွားလာနေသော ခရီးသည်တင်ယာဉ်များကို အကြမ်းဖက်စီးနင်းတိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖုံးခွဲဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည့် အပြင် အလွန်ဆိုးရွားသည့် ကြက်ခြေနီလူနာတင်ယာဉ်များကိုပါ တိုက်ခိုက်မှုများရှိခဲ့ရာ အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရမှုများရှိခဲ့သည်။ ယခုတစ်ဖန် အများပြည်သူ စီးနင်းလိုက်ပါလာသည့် အရပ်ဘက်လေယာဉ်တစ်စင်း လေဆိပ်သို့ ဆင်းသက်စဉ် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လေယာဉ်ပျက်စီးပြီး ခရီးသည်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ကယားပြည်နယ်တွင် KNPP အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့သည် ယခင်ကတည်းက လွိုင်ကော်မြို့နှင့်ပတ်ဝန်းကျင်တွင် နှောင့်ယှက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

စက်တင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်-နေပြည်တော်-လွိုင်ကော်-ရန်ကုန် ခရီးစဉ်ပြေးဆွဲနေသော မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်းသည် လေယာဉ်ဆင်းသက်ပြေးလမ်းသို့ချဉ်းကပ်ရန် ကွင်းပတ်မှု ပြုလုပ်နေစဉ် လေယာဉ်ပြေးလမ်း၏မြောက်ဘက်မှ အကြမ်းဖက်သောင်းကျန်းသူများက လေယာဉ်ကို လက်နက်ငယ်များဖြင့်ပစ်ခတ်ခဲ့ရာ လေယာဉ်ဝမ်းဗိုက်၌ လက်နက်ငယ်ကျည် ထိမှန်ပေါက်ထွက်ပြီး လေယာဉ်စီးနင်းလိုက်ပါလာသည့် ခရီးသည်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ လေယာဉ်ထိခိုက်မှုရှိသော်လည်း လေယာဉ်အမှုထမ်းများ၏ ကြိုးစားဆင်းသက်မှုကြောင့် လွိုင်ကော်လေဆိပ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပြီး ပြုပြင်မှုများပြုလုပ်ကာ ပြန်လည်ထွက်ခွာခဲ့သည်။ လွိုင်ကော်မြို့နှင့် ခရီးစဉ်အဆက်မပြတ်ပြေးဆွဲနိုင်ရေး၊ ခရီးသွားပြည်သူများ ခရီးသွားလာမှုလွယ်ကူစေရေးအတွက် လေဆိပ်အနီးတစ်ဝိုက်တွင် လုံခြုံရေးယူပြီး ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ဖျက်မီဒီယာများ က လေဆိပ်တွင် ပစ်ခတ်မှုဖြစ်ပွားသယောင် မမှန်မကန်သတင်းများထုတ်လွှင့်ပြီး အများပြည်သူစိုးရိမ်ပူပန်အောင် ပြုလုပ်ခဲ့ကြသည်။ အကြမ်းဖက်တိုက်ခိုက်မှု လုပ်ဆောင်ခြင်းသည် စစ်ရာဇဝတ်မှု၊ ရာဇဝတ်မှုများကို ကျူးလွန်ခြင်းဖြစ်ပြီး ယုတ်မာရက်စက်သည့် တိုက်ခိုက်မှုဖြစ်သည်။

ဆိုးရွားကြမ်းတမ်းသော အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူများကို လုံခြုံရေးတပ်ဖွဲ့က လိုက်လံရှင်းလင်းနှိမ်နင်းလျက်ရှိသည်။ တပ်မတော်နှင့် ဒေသခံလုံခြုံရေးတပ်ဖွဲ့များက ခရီးသွားလာမှု မပြတ်တောက်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ အကြမ်းဖက်အဖျက်သမားများသည် ဒေသခံပြည်သူများ နေထိုင်သွားလာရေးကို တစိုက်မတ်မတ် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။ အပြစ်မဲ့ပြည်သူများ ဒုက္ခအခက်အခဲများ၊ ဆင်းရဲဒုက္ခများရောက်ကြရသည်။ ပြည်သူများအား နှောင့်ယှက်ဖျက်ဆီးနေမှု လုပ်ရပ်များကို အများပြည်သူသိရှိအောင်၊ နိုင်ငံအများသိရှိအောင် အသိပေးကြရမည်ဖြစ်သည်။ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် အေးချမ်းသာယာရေးကို လိုလားကြသည့် ပြည်သူလူထုနှင့် အဖွဲ့အစည်းများက အဆိုပါလုပ်ရပ်များအပေါ် ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချကြဖို့ လိုအပ်ပေသည်။ လက်ရှိတွင် ပြည်သူများနှင့် အဖွဲ့အစည်းများက ဝိုင်းဝန်းဆန့်ကျင် ရှုတ်ချလျက်ရှိပြီး အကြမ်းဖက်အဖျက်သမား များ အမြစ်ပြတ်သည်အထိ ဝိုင်းဝန်းတိုက်ဖျက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အများပြည်သူနှင့်သက်ဆိုင်သည့် နေထိုင်သွားလာလုပ်ကိုင်မှုများ ကို နှောင့်ယှက်ဖျက်ဆီးမှုများသည် ယုတ်မာရက်စက်သည့် အကြမ်းဖက်လုပ်ရပ်များ ဖြစ်သည့်အပြင် စစ်ရာဇဝတ်မှု၊ ရာဇဝတ်မှုမြောက်သည့် လုပ်ရပ်များဖြစ်၍ လုံခြုံရေးတပ်ဖွဲ့များက ထိရောက်ပြင်းထန်စွာ တုံ့ပြန်တိုက်ခိုက်နှိမ်နင်းသွားမည်ဖြစ်ပြီး ပြည်သူများက ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ် ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



**ဆက်ကပ်လှူဒါန်း**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ မဟာဇနကပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အုတ်ကန်တောရကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ငေးသာသနာ့ရိပ်သာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ပဏ္ဏိတာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ မဟာဝိစိတ္တာရုံပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ယန်းကုန်းကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ သစ္စာဝေစည် ပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျီကုန်းမစိုးရိမ်တိုက်သစ်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ချမ်းသာကြီး(တောင်)ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ သာသနာ့ရုံသီပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ပစ္ဆိမာရုံကျောင်းတိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရတနာဇေယျုံကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း တာဝန်ရှိသူများ သွားရောက်၍ ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များလှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဇော်လှိုင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက် သီရိရတနာဘုန်းတော်ကြီးသင်ပညာရေးကျောင်း(ဒုန်တော)ကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် အခြားစားသောက်ဖွယ်ရာများအား ဆက်ကပ်လှူဒါန်းခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဝါတွင်းကာလတွင် ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ စာသင်တိုက်များသို့လည်းကောင်း၊ ပရဟိတကျောင်းများသို့လည်းကောင်း စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများက (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းအတွင်း ကြည့်ရှုလေ့လာစဉ်။

☆ ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့်နည်းတူ လွတ်လပ်ရေးရပြီး ကာလများတွင်လည်း တိုင်းပြည်တာဝန်ကို ကျရာကဏ္ဍမှ ထမ်းဆောင်ခဲ့ကြသည်ကို သမိုင်းတစ်လျှောက် သာဓကများစွာ တွေ့မြင်ကြရမည်

☆ တပ်မတော်၏ စစ်ဆင်ရေးများဖြစ်သည့် အင်းစိန်တိုက်ပွဲ၊ တရုတ်ဖြူကျူးကျော်မှုမှစ၍ စစ်ဆင်ရေးများအထိ တိုက်ပွဲပေါင်း၊ စစ်ဆင်ရေးပေါင်းများစွာ၌လည်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် စွမ်းစွမ်းတမံကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည်ကို မြင်တွေ့ခဲ့ကြရမည်ဖြစ်

☆ **ရှေ့ဖုံးမှ**

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေတို့က (၇၅)နှစ်မြောက် စိန်ရတု ဆေးဝန်ထမ်းတပ်ဖွဲ့နေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က (၇၅)နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ထို့နောက် ဘွဲ့နှင်းသဘင်ခန်းမအတွင်း၌ (၇၅)နှစ်မြောက် စိန်ရတု ဆေးဝန်ထမ်းတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက မြန်မာ့တပ်မတော်နှင့်အတူ ပေါက်ဖွားလာခဲ့ပြီး သမိုင်းအစဉ်အလာကြီးမားစွာ ရပ်တည်လာခဲ့သည့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ (၇၅)နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့ အခမ်းအနားဖြစ်ကြောင်း၊ စိန်ရတုတိုင်အောင် ခေတ်အဆက်ဆက် ကောင်းမြတ်သည့် အစဉ်အလာများကို လက်ဆင့်ကမ်းထိန်းသိမ်းလာသည့် ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် အလွန်ဂုဏ်ယူဖွယ်ရာနေ့ထူး၊ နေ့မြတ်ဖြစ်သည်ဟု ဦးစွာပြောကြားလိုကြောင်း။

အောင်ဆန်း-အက်တလီ စာချုပ်အရ လွတ်လပ်ရေးရရန် နီးကပ်လာသည့်အချိန်၌ လွတ်လပ်ပြီးစ မြန်မာနိုင်ငံအတွက် ဆေးတပ်ဖွဲ့တစ်ခုကို စနစ်တကျဖွဲ့စည်းရန် လိုအပ်လာခဲ့ပါကြောင်း၊ ထို့ကြောင့် ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁ရက်နေ့တွင်မြန်မာ့တပ်မတော်ဆေးဘက်ညွှန်ကြားရေးမှူးရုံးကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြကြောင်း၊ ထိုကဲ့သို့ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးကြိုးပမ်းခဲ့သည့် မြန်မာ့တပ်မတော်အတွက် စတင်ဖွဲ့စည်းခဲ့သည့် ဆေးဘက်ညွှန်ကြားရေးမှူးရုံး ဖွင့်လှစ်သည့်နေ့ကို ဆေးဝန်ထမ်းတပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ပြီး စတင်ဖွဲ့စည်းခဲ့သည့်နေ့မှ စတင်ရေတွက်လိုက်မည်ဆိုပါက ယနေ့သည် နှစ်ပေါင်း (၇၅)နှစ် တင်းတင်းပြည့်ခဲ့သည့် စိန်ရတု ဆေးဝန်ထမ်းတပ်ဖွဲ့နေ့ဖြစ်သည့်အတွက် အင်မတန် ဂုဏ်ယူစရာကောင်းသည့် နေ့ထူးနေ့မြတ်ကြီးတစ်ခုဖြစ်သည်ဟု ပြောရမည်ပင်ဖြစ်ကြောင်း။

**ကျရာကဏ္ဍမှ ထမ်းဆောင်ခဲ့ကြ**

ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့်နည်းတူ လွတ်လပ်ရေးရပြီး ကာလများတွင်လည်း တိုင်းပြည်တာဝန်ကို ကျရာကဏ္ဍမှ ထမ်းဆောင်ခဲ့ကြသည်ကို သမိုင်းတစ်လျှောက် သာဓကများစွာ တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။

တပ်မတော်၏ စစ်ဆင်ရေးများဖြစ်သည့် အင်းစိန်တိုက်ပွဲ၊ တရုတ်ဖြူကျူးကျော်မှုမှစ၍ စစ်ဆင်ရေးများအထိ တိုက်ပွဲပေါင်း၊ စစ်ဆင်ရေးပေါင်းများစွာ၌လည်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် စွမ်းစွမ်းတမံကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည်ကို မြင်တွေ့ခဲ့ကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြရာတွင် ဗိုလ်ကြီးသူရမွန်ထော်သက်ညွှန့်ကဲ့သို့ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စား ဆောင်ရွက်ခဲ့ကြသည့် ထူးချွန်သူပေါင်းများစွာကိုလည်း ဆေးတပ်ဖွဲ့ သမိုင်းတစ်လျှောက်တွင် များစွာတွေ့မြင်ခဲ့ရပြီး ဖြစ်ပါကြောင်း။

ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များအနေဖြင့် စစ်မြေပြင် ဆေးအကာအကွယ်ပေးရေး တာဝန်များသာမက အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက်ကိုလည်း တပ်မတော်ဆေးရုံများတွင် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရပါကြောင်း။

တပ်မတော်ဆေးရုံများကို အဆင့်မြှင့်တင်ခဲ့ရာတွင် ယခုအချိန်၌ ကျောက်ကပ်အစားထိုးကုသနိုင်သော ဆေးရုံ လေးရုံ၊ အသည်းအစားထိုး ကုသပေးနိုင်သော ဆေးရုံ တစ်ရုံ၊ နှလုံးသွေးကြောရောဂါရှာဖွေခြင်းနှင့် သွေးကြောချဲ့ကုသနိုင်သော ဆေးရုံ လေးရုံ၊ နှလုံးခွဲစိတ်ကုသနိုင်သော ဆေးရုံနှစ်ရုံနှင့် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသနိုင်သော ဆေးရုံသုံးရုံတို့ရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုအခါတွင် တပ်မတော်အနေဖြင့် နှလုံးနှင့် ဦးနှောက်ခွဲစိတ်ကုသခြင်း၊ နှလုံးသွေးကြောအား Stent ထည့် ကုသခြင်း၊ နှလုံးခုန်နှုန်းထိန်းညှိစက် ထည့်သွင်းခြင်း၊ ကျောက်ကပ် အစားထိုးလဲလှယ်ခြင်း၊ ရင်ခေါင်းခွဲစိတ်ကုသခြင်းစသည့် အဆင့်မြင့်ပြုစုကုသမှုများကို နိုင်ငံတကာနည်းတူဆောင်ရွက်လာနိုင်သည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ မြင်တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မကြာသေးမီက မြန်မာ့တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့၏ သမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် ပထမဆုံးအကြိမ် အသည်းအစားထိုးကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် လွန်စွာဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ပြောကြားလိုပါကြောင်း။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေတို့က (၇၅)နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**မရှိသလောက်ဖြစ်နေ**

ထိုကဲ့သို့ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခုအခါတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်ပါက တပ်မတော်အနေဖြင့် လက်လှမ်းမမီသည့်ဒေသ၊ လက်လှမ်းမမီသည့် ကုသမှုအမျိုးအစားများ မရှိသလောက်ဖြစ်နေပြီဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းသည် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းအားထုတ်မှု၊ လက်ဆင့်ကမ်း ပညာအမွေများပေးခဲ့ကြသည့် ဆေးပညာရှင်ကြီးများ၏ ကျေးဇူးများကြောင့်ပင်ဖြစ်ပါကြောင်း၊ ထို့အတွက် ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်ရှိပါကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ထိုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည့် ဆရာဝန်၊ သူနာပြုများ မွေးထုတ်နိုင်ရေးကိုလည်း လွတ်လပ်ရေးရပြီးစကာလကပင် ကြိုးပမ်းခဲ့သည်ကို တွေ့ရပါကြောင်း၊ အထင်ရှားဆုံးမှာ တပ်မတော်တစ်ရပ်လုံး၌ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်သင်ကြားမှုများကို ဆောင်ရွက်နိုင်ရေးအတွက် ၁၉၅၂ ခုနှစ်တွင် ဆေးဘက်ဌာနချုပ်နှင့် လေ့ကျင့်ရေးတပ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ထိုတပ်သည် နောင်အခါတွင် ဗဟိုဆေးတပ်အမည်ဖြင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေးကို နှစ်ပေါင်းများစွာ ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၅ ခုနှစ်၌ တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်းအနေဖြင့် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။ **စာမျက်နှာ ၄ သို့** ☆






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်သည့် အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ အဆင့်မြင့် ရှစ်ထပ်ဆေးရုံအဆောက်အအုံအသစ် အထူးကုသမှုစင်တာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ စာမျက်နှာ ၃ မှ

တပ်မတော်အတွက် လိုအပ်သည့် ဆရာဝန်နှင့် သူနာပြုများကို မွေးထုတ်ပေးနိုင်ရေးကိုလည်း ဆေးဝန်ထမ်းတပ်ဖွဲ့သည် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ စစ်ပညာသာမက ဆေးသိပ္ပံပညာများကိုပါ ကျွမ်းကျင်သည့် စစ်သူနာပြုများကို မွေးထုတ်နိုင်ရေးအတွက် စစ်သူနာပြုသင်တန်း တပ်ဆွယ်(Nurses Training Wing) ကို ၁၉၅၉ ခုနှစ်၌ အမှတ်စဉ် ၁ ဖွင့်လှစ်ခဲ့ပြီး စုစုပေါင်း အမှတ်စဉ် ၁၆ အထိ ဖွင့်လှစ်နိုင်ခဲ့သည်ကိုလည်း တွေ့ရပါကြောင်း၊ အလားတူ ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် လိုအပ်သည့် ဆရာဝန်များကိုရရှိနိုင်ရေး ပြည်သူ့စစ်မှုထမ်း(ဆေးမှူး)ဆရာဝန် {National Service (Medical Officer)}သင်တန်းကိုလည်း ဖွင့်လှစ်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ထိုကဲ့သို့ နည်းလမ်းမျိုးစုံဖြင့် လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေးလျက်ရှိရာမှ ၁၉၉၀ ပြည့်နှစ် နောက်ပိုင်း၌ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့ကို အဆင့်ဆင့်ဖွင့်လှစ်ပြီး ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးနိုင်ပြီဖြစ်ပါကြောင်း။

**အလေးအနက်ထားယုံကြည်**

ထိုကဲ့သို့ လူငယ်မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ပေးနိုင်ခြင်းသည် ခေတ်မီတပ်မတော် (Standard Army) တည်ဆောက်ရေးအတွက် အရေးကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သကဲ့သို့ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်သည့်နေရာ၌လည်း များစွာ အထောက်အကူပြုလျက်ရှိသည်ဟုလည်းဆိုရမည်ဖြစ်ကြောင်း၊ ထို့အပြင် တပ်မတော် ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်များမှ မွေးထုတ်ပေးလိုက်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အနာဂတ်တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်သွားကြမည့်သူများ ဖြစ်သည်ကိုလည်း အလေးအနက်ထား ယုံကြည်ပါကြောင်း။

ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုအပါအဝင် တပ်မတော်သားများနှင့် မိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အခါတွင် သာမန်အချိန်များ၌သာမက သဘာဝဘေးအန္တရာယ်ကျရောက်သည့် အချိန်များ၌လည်း ရှေ့တန်းမှပါဝင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နာဂစ်နှင့် ဂီရိဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးသည့်နောက် ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၊ တာလေငလျင်နှင့် မိုးသည်းထန်မှုကြောင့် ရေဘေးကြုံတွေ့ရသည့် ဒေသခံများကိုလည်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် **"စေတနာ အကြင်နာ ဘေးကင်းကွာ"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု၊ ရောဂါကာကွယ်မှုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြပါကြောင်း။

**ကိုယ်ကျိုးမဖက် ဆောင်ရွက်ပေးခဲ့**

ဆေးဝန်ထမ်းတပ်ဖွဲ့၏ ထူးခြားချက်တစ်ခုမှာ စစ်ဆင်ရေးနယ်မြေသို့ရောက်သည့် အခါတိုင်းတွင် ဒေသအတွင်းရှိ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကို ကိုယ်ကျိုးမဖက် ဆောင်ရွက်ပေးခဲ့ခြင်းပင် ဖြစ်ပါကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ဆေးရုံ၊ ဆေးတပ်ရင်းများတွင် ဒေသခံပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေသည့်နည်းတူ နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုကို ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် နယ်လှည့်ဆေးကုသမှုလုပ်ငန်းများကိုလည်း ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် တိုးမြှင့်ပြီး အင်တိုက်အားတိုက် ဆောင်ရွက်လာခဲ့ပါကြောင်း။

တပ်မတော် ဆေးရုံ/ဆေးတပ် ၆၇ ခု နှင့် ကိုဗစ်ကုသမှု စင်တာ ၅၄ ခုတို့ကို ဖွင့်လှစ်ပြီး ပြည်သူလူထုကိုလည်း ကုသမှုများပေးနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ ကုသပေးခဲ့ရာတွင် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၅ ရက်အထိ ကိုဗစ်အတည်ပြုလူနာ သံဃာတော် ၁,၅၀၅ ပါး၊ သီလရှင် ၁၀၈ ပါး၊ အရပ်သား ၁၆,၀၅၄ ဦးနှင့် နိုင်ငံခြားသား ၁၃၅ ဦး၊ စုစုပေါင်း ၁၇,၈၀၂ ဦးကို ပြုစုစောင့်ရှောက်မှုပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများ၏ လိုအပ်ချက်အရ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကို လွှဲပြောင်းတာဝန်ပေးနိုင်ခဲ့သည်ကိုလည်း ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် တပ်ဖွဲ့အတွင်း ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့်နည်းတူ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ပြီး ပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံများ၊ နည်းပညာများ မြင့်မားလာစေရေး ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်သည့်အခါတွင် အာဆီယံအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ထို့အပြင် အပြည်ပြည်ဆိုင်ရာ စစ်ဘက်ဆေးတက္ကသိုလ်များညီလာခံ (International Conference of Military Medical Schools – ICMMS)နှင့် နိုင်ငံတကာ စစ်ဘက်ဆေးပညာဆိုင်ရာ ကော်မတီ (International Committee of Military Medicine–ICMM) များသို့လည်း တက်ရောက်ပြီး နိုင်ငံတကာရှိ စစ်ဘက်ဆေးပညာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် စဉ်ဆက်မပြတ်ရေး ရည်မှန်းကြိုးပမ်းဆောင်ရွက်လျက် ရှိသည်ကိုလည်း မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်ရှိသည့် ဆေးတပ်ဖွဲ့များနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိလာစေရန်အတွက် ရုရှားနိုင်ငံတွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲများကိုလည်း ၂၀၁၈ ခုနှစ်မှစပြီး ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိသည်ကို တွေ့ရကြောင်း၊ လတ်တလောအနေဖြင့် ၂၀၂၂ ခုနှစ် ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာအားကစားပြိုင်ပွဲ (International Army Game) တွင် ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲ (Medical Rally) အသင်းအနေဖြင့် ပြိုင်ပွဲဝင်အသင်း ၁၆ သင်းရှိသည့်အနက် အဆင့်(၄) နေရာရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။ **စာမျက်နှာ ၅ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅) နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် အငြိမ်းစားဆေးဝန်ထမ်းတပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားစဉ်။

**☆ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုအပါအဝင် တပ်မတော်သားများနှင့် မိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အခါတွင် သာမန်အချိန်များ၌သာမက သဘာဝဘေးအန္တရာယ်ကျရောက်သည့်အချိန်များ၌လည်း ရှေ့တန်းမှပါဝင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နာဂစ်နှင့် ဂီရိဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးသည့်နောက် ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၊ တာလေငလျင်နှင့် မိုးသည်းထန်မှုကြောင့် ရေဘေးကြုံတွေ့ရသည့် ဒေသခံများကိုလည်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် "စေတနာ အကြင်နာ ဘေးကင်းကွာ"ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု၊ ရောဂါကာကွယ်မှုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အဆင့်မြင့် (၈)ထပ် ဆေးရုံအဆောက်အအုံသစ်၊ အထူးကုသမှုစင်တာ တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တပ်မှူးက ရှင်းလင်းတင်ပြစဉ်။

☆ စာမျက်နှာ ၄ မှ

**"ကျန်းမာကြံ့ခိုင်တိုက်နိုင်ရန်"** ဟူသည့် ဆေးတပ်ဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် တပ်မတော်သားများ အစဉ်ထာဝရ ကြံ့ခိုင်ပြီး တိုက်စွမ်းရည်များ ပြည့်ဝနေစေရန် ဆောင်ရွက်ကြရသည့် တပ်ဖွဲ့တစ်ခုပင်ဖြစ်ပါကြောင်း၊ တပ်မတော်သားများအပြင် မိသားစုဝင်များကို နေရာဒေသမရွေး၊ အချိန်အခါမရွေး၊ အဆင့်အတန်းမရွေး ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန် တာဝန်လည်းရှိသည်ဟု ပြောလိုပါကြောင်း၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ၇၅ နှစ်တာကာလအတွင်း တပ်မတော်တွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့်အတွက် တပ်မတော်ရွှေရတုတံဆိပ်ရရှိခဲ့သူ ၇၇၂ ဦး၊ တပ်မတော်စိန်ရတုတံဆိပ်ရရှိခဲ့သူ ၂၆၀၃ ဦး ရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် ဆေးဝန်ထမ်းတပ်ဖွဲ့အတွင်း နိုင်ငံ့ဂုဏ်ရည်ဘွဲ့၊ လွတ်လပ်ရေး မော်ကွန်းဝင်တံဆိပ်၊ စည်သူဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့နှင့် သိပ္ပကျော်စွာဘွဲ့များ အပါအဝင် နိုင်ငံတော်အဆင့် ထူးချွန်ဘွဲ့တံဆိပ်ရရှိခဲ့သူပေါင်း ၁၅၂ ဦးရှိခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။

**ဂုဏ်ပြုအသိအမှတ်ပြု**

ထို့ကြောင့် နိုင်ငံတော်၏ လိုအပ်သည့်အချိန်တိုင်းတွင်လည်းကောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ကာကွယ်ကုသမှုများကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ ၇၅ နှစ်တာကာလအတွင်း စွမ်းစွမ်းတမံ ထမ်းရွက်ခဲ့ကြသည့်အတွက် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ဆေးမှူး၊ ပါရဂူများနှင့် သူနာပြုများအားလုံးကို ဂုဏ်ပြုအသိအမှတ်ပြုပါကြောင်းကို အလေးထားပြောကြားလိုကြောင်း။

မြန်မာ့တပ်မတော်၏ ဆေးဝန်ထမ်းတပ်ဖွဲ့သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက တပ်မတော်နှင့်အတူ ပေါက်ဖွားလာသည့် တပ်ဖွဲ့တစ်ခုဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက်တွင်လည်း ဆေးတပ်ဖွဲ့ဝင်များသည် တိုင်းပြည်နှင့်လူမျိုးအကျိုး၊ တပ်မတော်၏အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြပြီးဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အတွင်း၌ တာဝန် ထမ်းဆောင်ခဲ့ကြသည့်သူများသည် ပေးအပ်လာသည့် တာဝန်များကို ဦးလည်မသုန် ထမ်းရွက်နိုင်ခဲ့ကြသည်ကိုလည်း ၇၅ နှစ်တာကာလအတွင်း၌ အကြိမ်ကြိမ် သက်သေပြခဲ့ပြီးဖြစ်ကြောင်း။

**လက်ဆင့်ကမ်းနိုင်ရေး**

ရှေ့ဆက်၍လည်း ယင်းအစဉ်အလာကောင်းများကို နောင်လာနောက်သားတို့အား လက်ဆင့်ကမ်းနိုင်ရေး ကြိုးပမ်းကြပြီး စိန်ရတုကာလပြည့်မြောက်ခဲ့သည့် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် မာကျောကျစ်လျစ်ခိုင်မာပြီး တန်ဖိုးရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့အဖြစ် ထိန်းသိမ်းကာ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ယခုထက်မက ပိုမိုဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် တည်တံ့ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်က ဆေးဝန်ထမ်းတပ်ဖွဲ့သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့အထိမ်းအမှတ် မှတ်တမ်း Documentary Video ကို ပြသသည်။ ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ ဂုဏ်ပြုသီချင်းဖြင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက ဖျော်ဖြေတင်ဆက်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးက (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တက်ရောက်လာကြသည့် အငြိမ်းစားဆေးဝန်ထမ်းတပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် အဖွဲ့ဝင်များသည် (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်သည့် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ အဆင့်မြင့် (၈)ထပ် ဆေးရုံအဆောက်အအုံသစ်၊ အထူးကုသမှုစင်တာဖွင့်ပွဲသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အထူးကုသမှုစင်တာ အဆောက်အအုံသစ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



(၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်သည့် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ အဆင့်မြင့် (၈)ထပ်ဆေးရုံအဆောက်အအုံသစ်၊ အထူးကုသမှုစင်တာကို တွေ့ရစဉ်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အထူးကုသမှုစင်တာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ ကဗ္ဗည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်ပြီး အစည်းအဝေးခန်းမတွင် အဆင့်မြင့် (၈)ထပ် ဆေးရုံအဆောက်အအုံသစ်၊ အထူးကုသမှုစင်တာ တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ အမှတ်(၁)တပ်မတော် ဆေးရုံကြီး (ခုတင်-၁၀၀၀)တပ်မှူးက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဆေးရုံရေရှည်တည်တံ့ကောင်းမွန်စေရန်၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး စနစ်တကျ အသုံးပြုရန်နှင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် လေဝင်လေထွက်များ ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ စွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျစွန့်ပစ်ရန်လိုကြောင်း၊ လူနာများအတွက် အသုံးပြုသည့် အသုံးအဆောင်ပစ္စည်းများ အမြဲကောင်းမွန်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ လူနာများကို စနစ်တကျကျွေးမွေးရန် လိုသကဲ့သို့ တာဝန်ကျကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်စားသောက်ရေးကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများအား ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက အထူးကုသမှုစင်တာ ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းကို ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးကုသမှုစင်တာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ယနေ့ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတု ဆေးဝန်ထမ်းတပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တွင် တပ်မတော်၌ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုခံယူခဲ့သည့် လူနာများကို ကြည့်ရှု၍ အဆိုပါအသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြသည့် တပ်မတော်မှ ပါရဂူကြီးများနှင့် ဆေးမှူးများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နေ ပြည်သူလူထုများ အသား၊ ငါးနှင့် ဥအမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး ဆောင်ရွက်ပေး

# မွေးမြူရေးလုပ်ငန်းများကို သိပ္ပံနည်းကျ ကျစ်ကျစ်လျစ်လျစ် စနစ်တကျဖြင့်ဆောင်ရွက်ပြီး ထုတ်လုပ်မှုများပိုမိုတိုးတက်အောင် ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၆)မိုင် စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း နို့ထွက်ပစ္စည်း ထုတ်လုပ်နေမှုများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ မြို့တော်ဝန်ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအနီးရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း (၂၆) မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညီစော၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်တို့က (၂၆)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်နှင့် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တို့ စတင်အကောင်အထည်ဖော် ဆောင် ရွက်ခဲ့မှု၊ နို့စားနွား၊ အသားတိုးနွား၊ ဒေသနွား မွေးမြူထားရှိမှုနှင့် နွားစာမြက်စိုက်ခင်းများ စိုက်ပျိုးထားရှိမှု၊ ကျောက်စိမ်းဖီးကြမ်းငှက်ပျောစိုက်ပျိုးထားရှိမှု၊ အရိပ်ရလေကာပင် မန်ကျည်းစိုက်ပျိုးထားရှိမှု၊ ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုနှင့် အရွယ်ရောက်ပြီး ရော်ဘာပင်များအား ၂၀၂၁-၂၀၂၂ အစေးခြစ်ရာသီတွင် စမ်းသပ်အစေးခြစ်ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ကာကီကင်းဘဲ၊ ဒေသဥစားဘဲများ မွေးမြူထားရှိမှု၊ ငါးမျိုးစုံမွေးမြူထားရှိမှု အခြေအနေများ၊ မွေးမြူရေးဇုန်များ၌ အစာစပ်လုပ်ငန်းနှင့် အစာတောင့်စက်များ ထုတ်လုပ်လျက်ရှိမှု၊ နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ စိုက်ပျိုးမွေးမြူရေးဇုန်များအလိုက် ထုတ်ကုန်ပစ္စည်းများကို တပ်မတော်သားမိသားစုဝင်များနှင့် ပြည်သူလူထုသို့ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြို့တော်ဝန်တို့နှင့် ရန်ကုန်တိုင်းဒေသကြီး၏ စားရေးလိုအပ်ချက်များကို အသေးစိတ်မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး၏ လူဦးရေနှုန်းထားနှင့် တစ်နေ့လျှင် လိုအပ်မည့် အသား၊ ငါးနှင့် ဥအမျိုးမျိုး၊ ဟင်းသီးဟင်းရွက် လိုအပ်ချက်ကို တွက်ချက်၍ လိုအပ်ချက်များပြည့်မီစွာ စားသုံးနိုင်ရေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမွေးမြူရေးဇုန်များမှ ပြည့်ဝစွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးဇုန်များကိုလည်း ရန်ကုန်မြို့တော် စည်ပင်သာယာပြင်ပ မြို့နယ်များတွင် ထပ်မံတိုးချဲ့သွားရန်လိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးမှ စီးဝင်မှုများနှင့်လည်း မထိခိုက်အောင် ချိန်ဆဆောင်ရွက်ရန်လိုကြောင်း၊ အစိုးရ၊ တပ်မတော်တို့အပြင် ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အားပေးရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် လျှပ်စစ်၊ ရေနှင့် မွေးမြူရေးအစာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုကြောင်း၊ ရန်ကုန်မြို့နေ ပြည်သူလူထုများ အသား၊ ငါးနှင့် ဥအမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စားသုံးမှုလိုအပ်ချက်ကို ပြည့်မီအောင် ဒေသတွင်းမှ ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်မှလည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အနေဖြင့်လည်း ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကာ မွေးမြူရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံငွေများကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို သိပ္ပံနည်းကျ ကျစ်ကျစ်လျစ်လျစ် စနစ်တကျဖြင့် ဆောင်ရွက်ပြီး ထုတ်လုပ်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ဆိုလာစနစ်ဖြင့် ထုတ်ယူနိုင်ရေး ဆောင်ရွက်ရန်လိုပြီး ရရှိလာသည့် လျှပ်စစ်ဓာတ်အားဖြင့် မွေးမြူရေးခြံများအတွက် လျှပ်စစ်ဓာတ်အားပေးစနစ် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သကဲ့သို့ အခြားသောအုပ်ချုပ်မှုလုပ်ငန်းများအတွက်လည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အသားတိုးနွားများနှင့် ဒေသမျိုးရင်းနွားများ မွေးမြူမှုကို သီးခြားစီဆောင်ရွက်ရန်လိုပြီး အစာကျွေးမွေးမှုမှအစ စနစ်တကျဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နွားစာမြက်စိုက်ခင်းများအပြင် ပြောင်းကိုလည်း စိုက်ပျိုး၍ရနိုင်ပြီး ပြောင်းပင်များကို ပြောင်းချဉ်ဖတ်ပြုလုပ်၍ တိရစ္ဆာန်အစာအတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ (၂၆)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၏ မူလအဓိကရည်ရွယ်ချက်သည် ပြည်တွင်းရော်ဘာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးဖြစ်သည့်အတွက် ရော်ဘာထုတ်ကုန်စက်ရုံများ၏ လိုအပ်ချက်များ ပြည့်မီစေရေး ရည်မှန်းချက်ထား ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဇုန်အတွင်း ရော်ဘာစိုက်ပျိုးရန်သတ်မှတ်ပေးထားသည့် မြေနေရာများ၌ ရော်ဘာကိုသာ အတတ်နိုင်ဆုံး စိုက်ပျိုးရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဲမွေးမြူရေးနှင့်ပတ်သက်၍ ဥထွက်ရှိမှုပမာဏ၊ ဥသည့်အချိန်ကာလတို့ကို စနစ်တကျ တွက်ချက်ချိန်ညှိ၍ အသုတ်လိုက်မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်ပြတ်မှုမရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘဲမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမိုအောင်မြင်စေရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြု ဆောင်ရွက်၍ ဒေသမျိုးရင်းဘဲများကိုလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးဇုန်မှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (၂၆) မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း လှည့်လည်၍နို့စားနွား၊ အသားတိုးနွားမွေးမြူထားရှိမှု၊ အစာစပ်စက်ရုံနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်နေမှုများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုစဉ်။

☆ **ကျောဖုံးမှ**

တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အမှတ်ရဂုဏ်ပြုသောအားဖြင့် တစ်မိနစ် ငြိမ်သက်ကြကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

**ဂုဏ်ယူဝမ်းမြောက်**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ယနေ့ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ကျရောက်သည့် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာခဲ့ပြီး ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ပြည်သူ့ရဲတပ်ဖွဲ့ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့သည့်အပြင် ရဲတပ်ဖွဲ့နေ့ အဖြစ်လည်း စတင်သတ်မှတ်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟု ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် **"သစ္စာ၊ သမာဓိ၊ သတ္တိ"** ဟူသည့် ဦးထိပ်ပန်ဆင်ထားသော ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အကျိုးစီးပွားကို ပိုမိုဆောင်ကြဉ်းနိုင်သည့် ရဲတပ်ဖွဲ့ဖြစ်လာစေရန် အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ ပြောင်းလဲလာအောင် နှစ်အလိုက် အစီအမံများချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လာရာ ယခုဆိုလျှင် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့သို့ ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ခေတ်အဆက်ဆက် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးဟူသည့် ရည်မှန်းချက် တာဝန်(၄)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

ယနေ့ တည်ဆဲဥပဒေများ၊ ချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများ အပါအဝင် အမျိုးမျိုးသောမှုခင်းများကို ကြည့်လျှင် မှုခင်းဖြစ်ပွားမှုများပြားခြင်း၊ လျော့နည်းခြင်းဆိုသည့် အကြောင်းတရားများသည် ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် လူမှုရေးပြဿနာ၊ ပညာရေးနိမ့်ကျမှုပြဿနာ၊ စီးပွားရေးဆိုင်ရာပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာများနှင့် ဆက်နွှယ်နေသည့်အတွက် လက်ရှိကျင့်သုံးနေသော ဥပဒေများနှင့် တရားစီရင်ရေးစနစ်တို့အပေါ်၌သာ မှီခိုအားထားခြင်းတစ်ခုတည်းနှင့် မလုံလောက်တော့ဘဲ ရဲတပ်ဖွဲ့နှင့်အတူ တရားရေးကဏ္ဍမှစ၍ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် လူထုလူတန်းစား အဖွဲ့အစည်းအသီးသီးတို့ကလည်း ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်သည်ကို တွေ့ရကြောင်း။

ထို့ပြင် ကမ္ဘာတစ်ဝန်း၌ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာပြဿနာများ ရင်ဆိုင်နေရပြီး နိုင်ငံဖြတ်ကျော်မှုခင်းများသည် အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုတည်းဖြင့် ဖြေရှင်းနိုင်သည့် ပြဿနာမဟုတ်တော့ဘဲ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရမည့် မှုခင်းပြဿနာမျိုးများဖြစ်လာကြောင်း၊ အကြမ်းဖက်မှုအန္တရာယ်သည် နိုင်ငံဖြတ်ကျော် မှုခင်းပုံစံအားလုံးနှင့် ချိတ်ဆက်မှုရှိနေသည့်အတွက် သာမန်မှုခင်းပြဿနာတစ်ခုကဲ့သို့ ရှုထောင့်တစ်ခုတည်းက သုံးသပ်ဖြေရှင်း၍ မရတော့ဘဲ ကဏ္ဍပေါင်းစုံမှ ရှုမြင်သုံးသပ်ပြီး ပြည်တွင်း/ပြည်ပ ဆက်စပ်အဖွဲ့များအားလုံးနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ပြဿနာအရင်းအမြစ်ကို ဖော်ထုတ်ဖြေရှင်းရသည့် အခြေအနေများလည်း ဖြစ်လာခဲ့ကြောင်း။

နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး လူသားလုံခြုံရေးအတွက်လည်း ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း၊ ယနေ့ Globalization ခေတ်တွင် နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့ ပြစ်မှုကျူးလွန်မှုများကို နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်းဆောင်ရွက်ရန်ခက်ခဲပြီး နိုင်ငံများအကြား အပြန်အလှန်ပေါင်းစပ်ညှိနှိုင်း ချိတ်ဆက်တုံ့ပြန်မှုများနှင့်သာ ဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့(INTERPOL)ကို ၁၉၅၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မြန်မာနိုင်ငံမှ စတင်ဝင်ရောက်ခဲ့ပြီး နိုင်ငံပေါင်း ၁၉၅ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ ရဲတပ်ဖွဲ့များအကြား အပြန်အလှန် သတင်းအချက်အလက်ဖလှယ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိ**

၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို အတည်ပြုခဲ့ပြီး အာဆီယံရဲအဖွဲ့၊ ဥရောပရဲအဖွဲ့၊ အာဖရိကရဲအဖွဲ့ စသည်ဖြင့် ဒေသဆိုင်ရာ ရဲအဖွဲ့များဖွဲ့စည်းခဲ့ကာ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြကြောင်း။

အထူးသဖြင့် အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ လူကုန်ကူးမှုကဲ့သို့သော နိုင်ငံဖြတ်ကျော်မှုခင်းများကို နိုင်ငံတကာနှင့်ချိတ်ဆက်၍ တားဆီးနှိမ်နင်းခြင်း၊ ထိရောက်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချုပ်ဆိုထားသည့် နားလည်မှုစာချွန်လွှာများ၊ သဘောတူညီချက်များ၊ ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ညှိနှိုင်းအကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းလိုကြောင်း။

ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့် အလေးထားကိုင်တွယ်ဖြေရှင်းနေရသည့် အရေးကြီးပြဿနာတစ်ရပ်မှာ မူးယစ်ဆေးဝါးပြဿနာဖြစ်ကြောင်း၊ ယနေ့နိုင်ငံတကာ၌ မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းကြရာတွင် နောက်ခံသမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်ပိုင်ဆိုင်မှု၊ တည်နေရာ၊ ပထဝီမြေအနေအထားတို့အပေါ် အခြေခံပြီး ချဉ်းကပ်မှုပုံစံအမျိုးမျိုးဖြင့် ကြိုးပမ်းထိန်းသိမ်း ဆောင်ရွက်နေကြသည်ကို လည်းတွေ့ရှိရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌လည်း မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာ့နိုင်ငံများနည်းတူ နှစ်ကာလကြာရှည်စွာ ခံစားခဲ့ရခြင်းကြောင့် နိုင်ငံတော်အစိုးရအဆက်ဆက်သည် မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၂ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို အဖွဲ့ဝင် ၁၉ ဦး၊ လုပ်ငန်းတာဝန် ၂၀ ချက်ဖြင့် အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဥပဒေအခန်း(၄)၊ ပုဒ်မ(၇)အရ ခေတ်စနစ်နှင့်လျော်ညီစွာ ဖြစ်စေရေးအတွက် လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်တစ်ရပ်ကို ကုလသမဂ္ဂမူးယစ်ဆေးဝါးပြဿနာဆိုင်ရာ အထူးအစည်းအဝေး၏ လုပ်ငန်းအကြံပြုချက်များနှင့်အညီ ရေးဆွဲဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အောက်တွင် ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့ကိုလည်း ၁၉၉၈ ခုနှစ်မှ စတင်ဖွဲ့စည်းပေးထားပြီးဖြစ်သည့်အတွက် ထိန်းချုပ်ဓာတုပစ္စည်းများကို တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်ရာ လမ်းလွှဲသို့ မရောက်ရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(INCB)၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)၊ အမေရိကန်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့(DEA)၊ ဩစတြေးလျပြည်ထောင်စုရဲတပ်ဖွဲ့(AFP)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့(ONCB)၊ တရုတ်နိုင်ငံအမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်(NNCC)တို့နှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစည်းအဝေးများဖြစ်သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေး(AMMD)၊ အာဆီယံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (ASOD)၊ အာဆီယံမူးယစ်ဆေးဝါးစောင့်ကြပ်ကြည့်ရှုမှုကွန်ရက် အစည်းအဝေး(ADMN)တို့သို့ ပါဝင်တက်ရောက်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အာဆီယံအဖွဲ့က ချမှတ်ပေးသော ဘေးကင်းလုံခြုံသည့် လူမှုအဖွဲ့အစည်းဖြစ်စေရေး၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အာဆီယံလုပ်ငန်းစီမံချက်(၂၀၁၆-၂၀၂၅)တို့၌လည်း ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်နိုင်ရန် အမေရိကန်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ရုရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့နှင့် နှစ်နိုင်ငံ သဘောတူညီချက်များ (LoA)၊ နားလည်မှုစာချွန်လွှာများ(MoU) လက်မှတ်ရေးထိုးထားပြီး ကုလသမဂ္ဂဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊

စာမျက်နှာ ၈ သို့ »»

»»» စာမျက်နှာ ၇ မှ
ပြည်တွင်းအခြေစိုက် နိုင်ငံတကာ အဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံကြီးအချို့နှင့်လည်း မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး လုပ်ငန်းများကို အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုများကိုအခြေခံလျက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များအနက်မှ လုပ်ဆောင်ချက်တစ်ရပ်ကိုလည်း အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့် နိုင်ငံသူနိုင်ငံသားများအားလုံးသို့ အသိပေးပြောကြားလိုကြောင်း။

ထို့ပြင် မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်းများ ပြောင်းလဲမှုအပေါ်သုံးသပ်၍ ၂၀၂၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး (၂)ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများကိုကြည့်မည်ဆိုပါက ၂၀၂၁ ခုနှစ်အတွင်း တန်ဖိုးငွေကျပ် ၉၇၀ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၆၀၆ ဒသမ ၄၃၀၆ သန်း)နှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ၆ လကျော်ကာလအတွင်း တန်ဖိုးငွေကျပ် ၇၀၈ ဘီလီယံကျော် (အမေရိကန် ဒေါ်လာ ၃၈၃ ဒသမ ၁၁၉သန်း)ကိုဖမ်းဆီးအရေးယူနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော အဖွဲ့များ၏လုပ်ဆောင်ချက် ကောင်းမွန်မှုနှင့် တာဝန်ကျေပွန်မှုတို့ကြောင့်ဖြစ်ပြီး ရှေ့ဆက်လက်ပေးအပ်သည့် တာဝန်ဝတ္တရားများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တာဝန်ကို သစ္စာရှိရှိ ကျေပွန်စွာ ထမ်းဆောင်ကြမည်ဟူသည့် ဝန်ထမ်းကောင်း စိတ်ဓာတ်များဖြင့် ဆက်လက်တာဝန်ထမ်းဆောင်စေလိုကြောင်း။

**ပူးပေါင်းပါဝင်**

၂၀၂၂ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် (၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားများကို မန္တလေး၊ ရန်ကုန်နှင့် တောင်ကြီးမြို့များတွင် ကျင်းပခဲ့ပြီး တန်ဖိုးငွေကျပ် ၁၁၈၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၄၂ ဒသမ ၆၀၈ သန်း)ခန့် မီးရှို့ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ တစ်ဖက်တွင် တရားမဝင်ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအတွက်လည်း ထိရောက်မှုတစ်ခုအဖြစ် တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်မျိုးသားလုံး လူညွန့်တုံးစေပြီး နိုင်ငံအတွက်အန္တရာယ်ကြီးမားသည့် အမျိုးမျိုးသော မူးယစ်ဆေးဝါးများကို တားဆီးကာကွယ်ကြရာတွင် ပြည်သူတစ်ရပ်လုံးအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းပါဝင်ကြစေလိုကြောင်း။

လူကုန်ကူးမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ၁၉၉၇ ခုနှစ်မှစတင်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်တိုက်ဖျက်လာခဲ့သည်မှာ ယခုဆိုလျှင် ၂၅ နှစ်ရှိခဲ့ပြီဖြစ်ကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်လျက်ရှိသည့် စာချုပ်ဝင်နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်မှာ ယနေ့တိုင်ဖြစ်ကြောင်း၊ လူကုန်ကူးမှုများကို အရေးယူနိုင်ရေးအတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ပြီး ယခုဆိုလျှင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးဆိုင်ရာအခြေအနေများ၊ လူကုန်ကူးမှုများမှ ရရှိသည့် အလွန်ကြီးမားသော အကျိုးအမြတ်များ၊ ပြောင်းလဲဖြစ်ပေါ်နေသည့် နိုင်ငံတကာ ကူးလူးဆက်ဆံမှုများနှင့် ခေတ်မီတိုးတက်လာသည့် အင်တာနက်အခြေပြု သတင်းအချက်အလက်နည်းပညာများကြောင့် လူကုန်ကူးမှုများ တိုးတက်ဖြစ်ပေါ်နေသည့်အတွက် ထိန်းချုပ်အရေးယူနိုင်ရန် ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေသစ်ကိုပြဋ္ဌာန်းပေးနိုင်ခဲ့ကြောင်း။

**ထိထိရောက်ရောက်ဖော်ထုတ်**

လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေသစ်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အနေဖြင့် လူကုန်ကူးမှုခင်းများဖော်ထုတ်ရာတွင် နိုင်ငံတကာစံချိန်စံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိထိရောက်ရောက် ဖော်ထုတ်ဆောင်ရွက်နိုင်ရန် လိုအပ်သကဲ့သို့ လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်မှုအပိုင်းနှင့် လူကုန်ကူးသူများကို အရေးယူ၊ တရားစွဲဆိုအပြစ်ပေးမှုအပိုင်းတွင်လည်း ပိုမိုဖြည့်ဆည်း အရေးယူဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း။

လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေအရ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း၊ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ဖွဲ့စည်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထငါးနှစ် စီမံကိန်း (၂၀၂၂-၂၀၂၆)များကို ရည်မှန်းချက်တာဝန်(၄)ရပ်၊ မဟာဗျူဟာ(၃)ရပ်၊ နည်းဗျူဟာ(၄)ရပ်၊ လုပ်ငန်းကဏ္ဍ(၄)ရပ် ရေးဆွဲချမှတ်ပြီး မူဝါဒများနှင့်အညီ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြိုတင်ကာကွယ်တားဆီးခြင်းနှင့် တရားစွဲတင်၍ ဥပဒေနှင့်အညီ အရေးယူခြင်းစသည့် ကဏ္ဍများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို တိုက်ဖျက်ရန် အစဉ်ဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့ ဆောင်ရွက်ရာတွင် ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ တရားစီရင်ရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်း။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို ထိရောက်စွာ အရေးယူနိုင်ရန်၊ ဆင့်ပွားပေါ်ပေါက်နိုင်သည့် ပြစ်မှုများကို ကာကွယ်ဟန့်တားရန်နှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့မှ တစ်ဆင့် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများသို့ ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်နိုင်ရေးအတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သော အစိုးရဌာနအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အောင်မြင်ထိရောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ခေတ်ကာလသည် နည်းပညာခေတ်ဖြစ်သည့်အတွက် နည်းပညာနှင့်ပတ်သက်၍ ကောင်းမွန်စွာအသုံးချနိုင်ရန် လိုအပ်ကြောင်း၊ ခေတ်မီဆက်သွယ်ရေးစနစ်များကို အသုံးပြု၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုခဲ့သည့် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုမရှိတော့သည့် လက်နက်များအစား လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ခေတ်မီမောင်းပြန်လက်နက်များ၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ လူစုလူဝေးကို လူစုခွဲရာတွင် အသုံးပြုသည့် ခေတ်ကာလနှင့် လျော်ညီသော အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များ၊ ခေတ်မီ မောင်းပြန်ရိုင်ဖယ်လက်နက်များ၊ မှုခင်းသုံးခေတ်မီနည်းပညာပစ္စည်းများ၊ DNA ဓာတ်ခွဲခန်းသုံး ပစ္စည်းများ၊ ဆက်သွယ်ရေးစက်ပစ္စည်းများ၊ Mobile X-Ray ယာဉ်များ၊ မော်တော်ယာဉ်/ ဆိုင်ကယ်များကိုလည်း နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သကဲ့သို့ အဆင့်မြင့် နည်းပညာနှင့် အတတ်ပညာများကိုလည်း နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့မှ ကူညီပံ့ပိုးပေးမှုများရရှိပြီး ယနေ့အဆင့်မြင့်စက်ကိရိယာ နည်းပညာများကို အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း။

**နိုင်ငံတကာအဆင့်မီ ရဲတပ်ဖွဲ့ဖြစ်အောင်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို စွမ်းရည်ပြည့်ဝခေတ်မီသည့် နိုင်ငံတကာအဆင့်မီရဲတပ်ဖွဲ့ဖြစ်အောင် တပ်ဖွဲ့ဝင်များ အသိပညာ၊ အတတ်ပညာများ တိုးတက်မြင့်မားစေရေး၊ တပ်ဖွဲ့တွင်း လုပ်ငန်းစွမ်းရည်များ တိုးတက်မြင့်မားစေရေး၊ တိုးတက်ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ ခေတ်မီစက်ကိရိယာများနှင့် နည်းပညာရပ်များကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရေး၊ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ဘာသာစကား ကျွမ်းကျင်တတ်မြောက်စေရေး၊ ဆိုက်ဘာမှုခင်းများနှင့် ပတ်သက်၍ ကျွမ်းကျင်စွာ စုံစမ်းဖော်ထုတ်နိုင်ရေးအတွက် ပြည်ပနိုင်ငံများ၌ ဖွင့်လှစ်သည့် သင်တန်းများသို့ စေလွှတ်တက်ရောက်စေလျက်ရှိကြောင်း။

အဆိုပါသင်တန်းများတွင် လေ့ကျင့်သင်ကြားရရှိခဲ့ကြသည့် အသိပညာ၊ အတတ်ပညာများကို ကိုယ်တိုင်လိုက်နာကျင့်သုံးသကဲ့သို့ ကျန်ညီနောင် တပ်ဖွဲ့ဝင်များကိုပါ အသိပညာ၊ အတတ်ပညာများ ဆင့်ပွားဖြန့်ဝေပေးခြင်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်များသည် ယခုထက်ပိုမိုစွမ်းဆောင်လာနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတကာရဲတပ်ဖွဲ့များနှင့် ဆက်ဆံမှုများမှ ၂၀၂၂ ခုနှစ် ဇူလိုင် ၇ ရက်မှ ၁၀ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသော ASEAN POLICE MUSIC FESTIVAL တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲလေ့ကျင့်ရေးဌာနကြီး၊ ရဲတီးဝိုင်းအဖွဲ့ တက်ရောက်၍ ဗီယက်နမ်၊ ဘရူနိုင်း၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်၊ ဂျပန်တို့နှင့်အတူ စုပေါင်းတီးမှုတ်လေ့ကျင့်ခြင်း၊ ဖျော်ဖြေခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အလေးထား အသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှု ဂုဏ်ထူးဆောင်တံဆိပ်များကို စိစစ်ချီးမြှင့်ပေးခြင်းဖြင့် တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊

စာမျက်နှာ ၉ သို့ »»»


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင်တစ်ဦးအား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင်တစ်ဦးအား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» စာမျက်နှာ ၈ မှ

မိမိတို့ကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း အသက်ပေးလှူ ကိုယ်အင်္ဂါစွန့်လှူ သွားခဲ့ကြရသည့် ရဲတပ်ဖွဲ့ဝင်များလည်း ရှိခဲ့သည့်အတွက် ရဲတပ်ဖွဲ့ဝင်များ၏ ဖွဲ့/ လုံ့လ/ စိတ်ဓာတ်/ ကြိုးပမ်းမှုများအပေါ် ဂုဏ်ယူလေးစား အသိအမှတ်ပြုပါကြောင်း။

နိုင်ငံတော်က အသိအမှတ်ပြုချီးမြှင့်သည့်အနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် ရဲသူရတံဆိပ်ရရှိသူ ၆၃ ဦး၊ ရဲဗလတံဆိပ်ရရှိသူ ၄၂၆ ဦး၊ ရဲကျော်စွာတံဆိပ်ရရှိသူ ကိုးဦး၊ ရဲကျော်သူတံဆိပ်ရရှိသူ သုံးဦး၊ စီမံထူးချွန်တံဆိပ်(တတိယအဆင့်)ရရှိသူ တစ်ဦး၊ ရဲမှုထမ်းကောင်းတံဆိပ်ရရှိသူ ၃၄၈ ဦး၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်ရရှိသူ ၁၂၂၃ ဦး၊ မြန်မာနိုင်ငံရဲ ပူးတွဲတိုက်ပွဲဝင်တံဆိပ်ရရှိသူ ၂၄၈၇ ဦး၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ၄၅ ဦး၊ ပြည်သူ့ဝန်ထမ်းတံဆိပ်ရရှိသူ ၅၄ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ်ရရှိသူ ၅၂၄၃ ဦး စုစုပေါင်း ၉၉၀၂ ဦးကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ အလားတူ ၂၀၂၂ ခုနှစ် မတ် ၂၇ ရက် (တပ်မတော်နေ့)တွင် ရဲဗလတံဆိပ်ရရှိသူ ၁၂၉ ဦး၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်) ရရှိသူ နှစ်ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)ရရှိသူ ၃၀၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်)ရရှိသူ သုံးဦး၊ စုစုပေါင်း ၁၆၄ ဦးတို့ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း ထူးချွန်ပြောင်မြောက်စွာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ခဲ့သူများ၊ မှုခင်းများ စွမ်းစွမ်းတမံ ဖော်ထုတ်နိုင်သူများ၊ မူးယစ်ဆေးဝါး ဖော်ထုတ်ဖမ်းဆီးနိုင်သူများ၊ လုပ်ငန်းတာဝန်ကျေပွန်သူများ၊ သင်တန်းနှင့် အားကစားတွင် ထူးချွန်ဆုရရှိကြသူများကိုလည်း တစ်ဆင့်တိုးရာထူး တိုးမြှင့်ပေးခြင်းနှင့် ရဲချုပ်၏ အမှုထမ်းကောင်းလက်မှတ်နှင့် ဆုများချီးမြှင့်ခြင်းကို တွေ့ရသည့်အတွက် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်လည်း ညီညွတ်သည့်အပြင် အမှုထမ်းကောင်းတံဆိပ်ရပြီး အရာထမ်း၊ အမှုထမ်းများကလည်း ဆက်လက်ကြိုးစား တာဝန်ထမ်းဆောင်ကြရန်လိုအပ်သကဲ့သို့ မရရှိကြသေးသည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့်လည်း နိုင်ငံတော်ကချီးမြှင့်မည့် အမှုထမ်းကောင်း တံဆိပ်များရရှိရန် ပေးအပ်သောတာဝန်များကို ရိုးသားမှု၊ ကြိုးစားမှုတို့နှင့်အတူ တာဝန်ကို ကျေပွန်အောင် စွမ်းစွမ်းတမံ ကြိုးစားအားထုတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**တစ်ခန်းတစ်ကဏ္ဍမှပါဝင်**

မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ရည်ရွယ်ချက် (၄)ရပ်ဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ရဲမှုထမ်းဟောင်း အငြိမ်းစားယူသူအားလုံးကို စုစည်းနိုင်ခဲ့လျှင် နိုင်ငံတော်၏ အင်အားတစ်ရပ်အနေဖြင့် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အဖွဲ့ဝင်များ တိုးတက်ဖွဲ့စည်းနိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ချိန်ကာလအတွင်း အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ တိုက်ခိုက် သတ်ဖြတ်မှုများကြောင့် နိုင်ငံသူနိုင်ငံသားများ ထိခိုက်သေဆုံးခဲ့ရမှုများမှ ကင်းဝေးစေရေး၊ နိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးရေး လုပ်ငန်းရပ်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေနိုင်မည့် ပြည်သူ့လုံခြုံရေးအဖွဲ့များကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ရပ်ကွက်/ကျေးရွာ/မြို့နယ်နှင့် ခရိုင်အဆင့် ဖွဲ့စည်းပေးခဲ့ပြီး ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးကို ရာနှုန်းပြည့်ရရှိစေသည်အထိ ဆက်လက်စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**❂ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အရာထမ်း၊ အမှုထမ်းများအားလုံးသည် မိမိတို့၏ လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းကျွမ်းကျင်မှုများနှင့်အတူ ဥပဒေကို ကိုင်တွယ်ကျင့်သုံးရာတွင် ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုပြုနိုင်သော နိုင်ငံနှင့် ပြည်သူများက လေးစားဂုဏ်ယူဖွယ် အားကိုးအားထားပြုနိုင်သည့် ဥပဒေဘက်တော်သား ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် ကြိုးပမ်းကြရမည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် **"မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဥပဒေ"**အသစ်ကို လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ အစဉ်ကာကွယ်စောင့်ရှောက်သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊ နိုင်ငံတော်နှင့် ပြည်သူများက ယုံကြည်အားထားရသည့် အရည်အသွေးမြင့်မားပြီး စည်းကမ်းကောင်းမွန်သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊ ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊တရားဥပဒေစိုးမိုးရေးတာဝန်များကို စွမ်းရည်ထက်မြက်စွာ ထမ်းဆောင်နိုင်သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊ နိုင်ငံတကာရဲတပ်ဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရဲတပ်ဖွဲ့၏ စွမ်းရည်နှင့် အရည်အသွေးမြင့်မားရေး ဆောင်ရွက်ရန် လိုအပ်သည့်အချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၂၂ ခုနှစ် မတ် ၂၅ ရက်တွင် **မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဥပဒေ** အသစ်ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း။

**တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးသည့်နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဖွဲ့စည်းပုံတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်/ အထက်မြန်မာပြည်)တို့၌ သင်ကြားရေးဌာန တစ်ခုစီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၌ ဌာနကြီးတစ်ခု၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၌ စက်တပ်ကိရိယာရှာဖွေရေးတပ်ခွဲ တစ်ခွဲနှင့် တပ်စု ခြောက်စုအပြင် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ရဲကင်းစခန်း တစ်ခုနှင့် နယ်မြေရဲစခန်း တစ်ခုတို့ကို တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများ တိုးတက် ပြောင်းလဲလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့များတွင် ခရိုင်အဆင့် ၄၆ ခုကို ထပ်မံတိုးချဲ့ ဖွဲ့စည်းပေးနိုင်ခဲ့ကြောင်း၊ အသစ်ထပ်မံဖွဲ့စည်းထားသည့် ခရိုင်ရုံးများ အမြန်ဆုံးထိရောက်အောင်မြင်စွာ လုပ်ငန်းလည်ပတ်နိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **"မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်"**ဟူသည့် မျှော်မှန်းချက်များဖြင့် တည်ဆောက်ရာတွင် ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်မှု၊ ခေတ်မီပစ္စည်းကိရိယာများ၊ လုံခြုံရေးအသုံးအဆောင်များ စသည်တို့ကို ခေတ်ကာလနှင့်လျော်ညီအောင် နိုင်ငံတော်ကတိုးမြှင့် ဖြည့်ဆည်းပေးမှုများ ဆောင်ရွက်ပေးနေသကဲ့သို့ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီအနေဖြင့်လည်း အဖွဲ့အစည်းကောင်းတစ်ခု၏ အနှစ်သာရဖြစ်သည့် စိတ်ဓာတ်ကောင်းမွန်ရေး၊ စွမ်းရည်ပြည့်ဝရေးနှင့် တာဝန်ကျေပွန်ရေး စသည်တို့ကို စဉ်ဆက်မပြတ် ဆက်လက်ခံယူလေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ လေးစားယုံကြည်မှု ပိုမိုရရှိစေရန် ရဲတပ်ဖွဲ့ဝင်များသည် အဂတိတရားကင်းရှင်းကြရမည့်အပြင် တပ်ဖွဲ့ကချမှတ်ထားသည့် ရဲစည်းကမ်းနှင့် ရဲကျင့်ဝတ်များကိုလည်း ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင် လိုက်နာစောင့်ထိန်းပြီး လူမှုအဖွဲ့အစည်းတစ်ရပ်လုံးကို ဥပဒေနှင့်အညီ လုံခြုံအောင် ရိုးသားကြိုးစားမှုနှင့် ကိုယ်ချင်းစာတရားလက်ကိုင်ထား၍ အကာအကွယ်ပေးစောင့်ရှောက်သွားကြရန် အထူးမှာကြားလိုကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အရာထမ်း၊ အမှုထမ်းများအားလုံးသည် မိမိတို့၏ လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းကျွမ်းကျင်မှုများနှင့်အတူ ဥပဒေကို ကိုင်တွယ်ကျင့်သုံးရာတွင် ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုပြုနိုင်သော နိုင်ငံနှင့် ပြည်သူများက လေးစားဂုဏ်ယူဖွယ် အားကိုးအားထားပြုနိုင်သည့် ဥပဒေဘက်တော်သား ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင် ရဲလုပ်ငန်းကျွမ်းကျင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုတို့ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ရည်မှန်း၍ နိုင်ငံတော်နှင့် ပြည်သူကို အကျိုးပြုရသည့် မိမိအလုပ်ကို တန်ဖိုးထားဂုဏ်ယူစွာ ကြိုးပမ်းလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ နယ်မြေရဲစခန်းအဆင့်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ထိ အဖွဲ့အစည်းအလိုက် နိုင်ငံတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ချမှတ်ပေးထားသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း ရဲစည်းကမ်း၊ ရဲကျင့်ဝတ်များနှင့်အညီ စံပြပြုမူဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် ပြည်သူလူထုတစ်ရပ်လုံးက လေးစားအားကိုးရလောက်သည့် ဥပဒေဘက်တော်သားများဖြစ်လာစေရန် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် (၅၈)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် ခြောက်ဦးကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် သုံးဦးနှင့် စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် လေးဦးတို့ ကိုယ်စား မိသားစုဝင် ခြောက်ဦးကိုလည်းကောင်း ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး (၅၈)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ ရုပ်လုံးရုပ်ကြွများ၊ တပ်ဖွဲ့/ဌာနများတွင် အသုံးပြုလျက်ရှိသည့် စက်ကိရိယာများ၊ နည်းပညာဆိုင်ရာပစ္စည်းများ၊ လက်နက်များ၊ ဝတ်စုံများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ မူးယစ်ဆေးဝါး ရှာဖွေစစ်ဆေးရေးစက်များနှင့် ယာဉ်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က ရဲတပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး စံပြရဲအဆင့်တိုးဆုရရှိသူ တပ်ဖွဲ့ဝင် ငါးဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆု(အရာရှိ) နှစ်ဦးနှင့် အနုပညာရှင်ကိုယ်စားလှယ် တစ်ဦးကိုလည်းကောင်း၊ ဒုတိယရဲချုပ်များက စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုး တပ်ဖွဲ့ဝင် ရှစ်ဦးနှင့် ရုံးဝန်ထမ်းထူးချွန်ဆုရရှိသူ ခုနစ်ဦးကိုယ်စား တာဝန်ရှိသူတစ်ဦးကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ရဲချုပ်၏ ဇနီးနှင့် ဒုတိယရဲချုပ်များ၏ဇနီးတို့က အမျိုးသမီးစွမ်းဆောင်ရှင်ဆုရရှိသူ တစ်ဦး၊ နေအိမ်လိုင်းခန်း သန့်ရှင်းရေးဆုရရှိသူ ရှစ်ဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်များနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ (၅၈)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေမှုအား ကြည့်ရှုအားပေးကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-2)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

**ဂုဏ်ပြုဆုငွေများပေးအပ်**

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား ဂုဏ်ပြုဆုငွေကျပ် သိန်း ၅၀ ကို ပေးအပ်ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က လက်ခံရယူသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီးက ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် မော်လိုက်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မော်လိုက်မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားသည်။ ယင်းနောက် မော်လိုက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နယ်မြေဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကိုဖြည့်စွက်မှာကြားကာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ အောင်ဇေယျခန်းမတွင် မော်လိုက်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြားပြီး တပ်နယ်မိသားစုများကို စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မော်လိုက်မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

# မအူပင်မြို့နယ်၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ၊ ပြည်သူများ တွေ့ဆုံဆွေးနွေး

**မအူပင် အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မလတ်တိုကျေးရွာအုပ်စုတွင် စစ်ကြောင်းကြီးငါးကြောင်းဖြင့် နယ်မြေစိုးမိုးရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများ၊ ပြည်သူများတွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက မလတ်တိုကျေးရွာအုပ်စု မင်္ဂလာမှန်ကျောင်း တန်ဆောင်းတော်ကြီးတွင် ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပတ်သက်ဆက်နွှယ်မှုမရှိစေရေး၊ မူခင်းလျော့နည်းကျဆင်းရေး၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူစွာပြုလုပ်နိုင်ရေးစသည့် လုပ်ငန်းကိစ္စရပ်အသီးသီးအား သက်ဆိုင်ရာဌာနများအလိုက် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးနိုင်လွင်၊ မအူပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်၊ ရပ်မိရပ်ဖများနှင့် ပြည်သူများ တက်ရောက်ကြပြီး တက်ရောက်လာသောပြည်သူများအား တစ်ဦးလျှင် ဆန်တစ်ပြည်နှုန်းဖြင့် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ငါးပါးသီလခံယူဆောက်တည်**

ရေးဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်များ ချီးမြှင့်အပ်သောပရိတ်တရားတော်များကို နာကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချအမျှဝေပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ် ရွတ်ဆို၍ အခမ်းအနားရုပ်သိမ်းပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ စက်တင်ဘာ ၂၉ ရက်တွင် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ အမှတ်(၃) မင်္ဂလာကန်တော်တွင် ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများက မင်္ဂလာကန်တော်အတွင်းသို့ ငါးမြစ်ချင်းငါးမျိုးစိတ်ငါးသားပေါက် အကောင် ၅၀၀၀ အား ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြသည်။



**ကုသိုလ်ကောင်းမှုများပြုလုပ်**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၅၈)နှစ်မြောက် ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အလှူဒါနနှင့် ကုသိုလ်ကောင်းမှုများပြုလုပ်ခဲ့ကြရာ ယနေ့နံနက်ပိုင်း၌ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် အလှူတော်ငွေကျပ် ၁၆၀၀၀၀၀ လှူဒါန်းခြင်းနှင့် စာကလေးငှက်အကောင် ၂၅၀ ကို ဇီဝိတဒါနအဖြစ်လွှတ်ခြင်း၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ "ကရုဏာကမ္ဘာ" ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းခြင်း၊ ပုဗ္ဗသီရိမြို့နယ်ရှိ "YGW" ပရဟိတမိဘမဲ့ကလေးစောင့်ရှောက်ရေးကျောင်းသို့ ခေါက်ဆွဲကြော်ဘူး ၃၀၀ ကို အာဟာရဒါနအဖြစ် လှူဒါန်းခြင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ "GOLDEN HEART" ခွေးဂေဟာသို့ ဒက္ခိတတိရစ္ဆာန်များအတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ ရောက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်ခဲ့သည့် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

**ပြန်လည်ထွက်ခွာ**

အဆိုပါ "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် နေပြည်တော်ရှိ Horizon Lake View Resort မှလည်းကောင်း၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်မှ လည်းကောင်း ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာကြရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ** စသည့် တိုင်းရင်းသားဘာသာနှင့် မြန်မာဘာသာ စာသားပါ ဆိုင်းဘုတ်များကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း Horizon Lake View Resort နှင့် နေပြည်တော်လေဆိပ်တို့၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



"ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာစဉ်။



ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာစဉ်။

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

**နေပြည်တော် အောက်တိုဘာ ၁**

ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

# နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားထုတ်လုပ်ခြင်းကို စနစ်တကျစီစဉ်ဆောင်ရွက်နိုင်ပါက လိုအပ်ချက်အတိုင်းသုံးစွဲနိုင်မည့်အပြင် ပိုလျှံမည့်လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်လျှပ်စစ်ဓာတ်အားလိုင်းသို့ ပေးပို့ရောင်းချနိုင်မည်

**မန္တလေး အောက်တိုဘာ ၁**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုတို့နှင့်အတူ မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များသည် ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ တောင်တော်ကွင်း နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းနှင့် ရဲရွာရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအခြေအနေတို့ကို သွားရောက်ကြည့်ရှု လေ့လာကြသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် မန္တလေးစက်မှုဇုန်မှလုပ်ငန်းရှင်များ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။

**လျှပ်စစ်ဓာတ်အားရရှိရေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များသည် နံနက်ပိုင်းတွင် တောင်တော်ကွင်း နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အား ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ရွက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း (MSME) များကို အားပေး ဆောင်ရွက်လျက်ရှိရာ စက်မှုဇုန်များအတွက် အရေးကြီးသော လျှပ်စစ်ဓာတ်အားရရှိရေးကို မိမိတို့ဝန်ကြီးဌာန အနေဖြင့် ကြိုးပမ်း ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ စက်မှုဇုန်များ လိုအပ်ချက်အတိုင်း လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရန်မှာ ကန့်သတ်ချက်များ ရှိနိုင်သဖြင့် ပုဂ္ဂလိကပိုင်းမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားထုတ်လုပ်မှုတို့ကို လေ့လာသိရှိပြီး ပါဝင် ဆောင်ရွက် နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ညှိနှိုင်း၍ ယခုလိုစီစဉ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ စက်မှုဇုန်တွင် စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အခြေအနေအပေါ်မူတည်ပြီး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားထုတ်လုပ်ခြင်းကို စနစ်တကျ စီစဉ်ဆောင်ရွက်နိုင်ပါက မိမိတို့လိုအပ်ချက်အတိုင်း သုံးစွဲနိုင်မည့်အပြင် ပိုလျှံမည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော် လျှပ်စစ်ဓာတ်အား လိုင်းသို့ ဆက်သွယ်ပေးပို့၍ ရောင်းချနိုင်မည် ဖြစ်ကြောင်း၊ ယင်းအတွက် လိုအပ်သည်များကို မိမိတို့ဝန်ကြီးဌာန အနေဖြင့် ညှိနှိုင်းပေါင်းစပ် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခုအခါ လူမှုမီဒီယာများတွင် သတင်းတု၊ သတင်းမှားများ ပျံ့နှံ့လျက်ရှိရာ နိုင်ငံတော်မီဒီယာ အနေဖြင့် သတင်းမှန်များ လျင်မြန်စွာ ထုတ်ပြန်နိုင်ရေး မီဒီယာပလက်ဖောင်းအမျိုးမျိုးမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံ့စီးပွား ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ကုန်ထုတ်လုပ်မှုကို အခြေခံသည့် စက်မှုဇုန်များ ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လမ်းညွှန်ထားကြောင်း၊ နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ ယခုကဲ့သို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် မီဒီယာနည်းလမ်းဖြင့် ပါဝင် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးကူညီဆောင်ရွက်နေမှုနှင့်အတူ မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များ အနေဖြင့်လည်း လုပ်ငန်းများ ပိုမိုအောင်မြင်စေရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု နည်းလမ်းများကိုသိရှိပြီး စီစဉ်အသုံးပြုနိုင်ရန် ဖြစ်ကြောင်းနှင့် အခြား စက်မှုလုပ်ငန်းရှင်များကိုလည်း အသိပညာမျှဝေပေးရန် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Green Power Energy Co.,Ltd. မှ တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီး အတွင်း သာစည်မြို့နယ် သပြေဝ နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု စီမံကိန်း ၃၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန် စတင်ဆောင်ရွက်ခဲ့မှု၊ ယခု တောင်တော်ကွင်း နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစီမံကိန်း ၂၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေမှုနှင့် ထပ်မံ၍တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက MRTV DTH တစ်စုံကို တောင်တော်ကွင်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံ အတွက် ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များသည် စက်ရုံစီမံကိန်းနယ်မြေအတွင်း နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။

တောင်တော်ကွင်းနေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကို မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သံရွာအနီးရှိ တောင်တော်ကွင်း ဧက ၂၀၀ အနက် ဧက ၈၀ ပေါ်တွင် Green Power Energy Co.,Ltd. က အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၄၃သန်းခန့် ရင်းနှီးမြှုပ်နှံ၍ ၂၀၂၂ ခုနှစ် ဧပြီလမှ စတင်ပြီး ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၈၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များသည် ကျောက်ဆည်ခရိုင် ရဲရမန်းရွာ အနီးရှိ ရဲရွာရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့သွားရောက်ကြရာ ရှင်းလင်းဆောင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများက စက်ရုံတည်နေရာ၊ နှစ်အလိုက်ဓာတ်အားထုတ်လုပ်မှု၊ နှစ်အလိုက် ရေဝင်ရောက်မှု၊ ဓာတ်အားပေး စက်ကြီးများ ထိန်းသိမ်းပြုပြင် ဆောင်ရွက်မှုနှင့် ရေလှောင်တမံ စောင့်ကြည့် စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ရှင်းလင်း တင်ပြကြရာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက နိုင်ငံ၏လျှပ်စစ် ဓာတ်အားလိုအပ်ချက်ကို ယခုကဲ့သို့ ရေအားဖြင့် စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ရန်အတွက် စောင့်ကြည့် ထိန်းသိမ်းခြင်းနှင့် ပြုပြင်ခြင်း လုပ်ငန်းများကိုလည်း ကြိုးပမ်း ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့အတူ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းကိုလည်း ကြိုးပမ်း ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း စက်မှုလုပ်ငန်းရှင်များကို ရှင်းလင်း ပြောကြားသည်။

**ကြည့်ရှုလေ့လာ**

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မန္တလေး စက်မှုဇုန်မှ လုပ်ငန်းရှင်များသည် ရဲရွာ ရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံအတွင်း လှည့်လည် ကြည့်ရှုလေ့လာကြပြီးနောက် ပြည်ထောင်စု ဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီး ချုပ်တို့က စက်ရုံဝန်ထမ်းများ အတွက် စားသောက်ဖွယ်ရာနှင့် ဆုငွေများပေးအပ်သည်။

ရဲရွာ ရေအားလျှပ်စစ်ဓာတ် အားပေးစက်ရုံကို မြစ်ငယ်မြစ်ပေါ်တွင် ကွန်ကရစ်တမံ အမျိုးအစားဖြင့် ၂၀၀၁ ခုနှစ်တွင် စတင် ဆောက်လုပ်ခဲ့ရာ ရေလှောင် ပမာဏမှာ ၂၂ သိန်း ဧကပေရှိပြီး ၇၉၀ မဂ္ဂါဝပ် စက်အင်အား တပ်ဆင်ထားကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှစ၍ ဆည်ရေဝင်ရောက်မှု ပမာဏအပေါ်မူတည်၍ စက်များစတင်လည်ပတ်ခဲ့ရာ ယခုအခါ ဆည်ရေပြည့်ဝစွာ သိုလှောင်နိုင်ပြီဖြစ်၍ စက်စွမ်းအားပြည့်ဖြင့် လည်ပတ်နိုင်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် Myanmar Cyber Security Challenge (2022) ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

ဆိုက်ဘာလုံခြုံရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူငယ်များအကြား ဆိုက်ဘာလုံခြုံရေး အသိပညာပြန့်ပွားစေရန်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ တိုးတက်လာစေရန် ရည်ရွယ်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် Myanmar Cyber Security Challenge 2022 (အလွတ်တန်းအဆင့်) ပြိုင်ပွဲကို ယနေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာနအဆောက်အအုံ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပံ့ပိုးကူညီသူများနှင့် ပြိုင်ပွဲအားစိတ်ပါဝင်စားသူများ တက်ရောက်အားပေးကြသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါပြိုင်ပွဲကို အသင်းကိုးသင်းမှ ပြိုင်ပွဲဝင် ၂၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲအထိ ကျင်းပသည်။ ပြိုင်ပွဲတွင် ပထမဆုကို S1gmA Be@c0n Team ကလည်းကောင်း၊ ဒုတိယဆုကို Team r00T ကလည်းကောင်း၊ တတိယဆုကို NYTe@M ကလည်း ကောင်းရရှိကာ ပထမဆု ငွေကျပ် ၁၅ သိန်းနှင့် ထပ်ဆောင်းချီးမြှင့် ဆုငွေကျပ်




ငါးသိန်း၊ ဒုတိယဆု ငွေကျပ် ၁၀ သိန်းနှင့် တတိယဆု ငွေကျပ်ခုနစ်သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများ နိုင်ငံတကာအဆင့်မီပေးနိုင်ရေး စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ ထပ်မံစေလွှတ်သွားမည်

**နေပြည်တော် အောက်တိုဘာ ၁**

ကလေးသူငယ်ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အဆင့်မြင့်လေ့ကျင့်ရေး ဆွေးနွေးပွဲနှင့် သုတေသနနှင့်လက်တွေ့လေ့ကျင့်ခြင်း အလုပ်ရုံဆွေးနွေးပွဲများကို အောက်တိုဘာ ၃ ရက်မှ ၁၄ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါဆွေးနွေးပွဲများကို ကျန်းမာရေးဝန်ကြီးဌာနမှကလေးအထူးကု ဆရာဝန်ကြီး ရှစ်ဦး၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး နှစ်ဦး၊ မေ့ဆေးအထူးကု ဆရာဝန်ကြီးတစ်ဦး စုစုပေါင်း ကိုယ်စားလှယ် ၁၁ ဦး ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲများသို့ တက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး



အနေဖြင့် ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မိခင်နှင့် မွေးကင်းစကလေး သေဆုံးမှုလျှော့ချနိုင်ရေး၊ မိခင်နှင့်ကလေး ကျန်းမာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် သင်တန်းများ စေလွှတ်လျက်ရှိကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ခေတ်မီ ဆေးပညာများအား သင်ယူလေ့လာ၍ မိမိနိုင်ငံအတွက် အကျိုးရှိစွာ ပြန်လည်အသုံးချပေးစေလိုကြောင်း၊ မြန်မာနိုင်ငံရှိ ပြည်သူလူထု၏ လိုအပ်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုများ နိုင်ငံတကာအဆင့်မီပေးနိုင်ရေး သက်ဆိုင်ရာဘာသာရပ်အလိုက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ ထပ်မံစေလွှတ်သွားမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မိတ်ကောင်းဆွေကောင်းများ တိုးပွားအောင်ဆောင်ရွက်ပြီး မိမိတို့၏သက်ဆိုင်ရာ အထူးကုဆေးပညာနယ်ပယ်များတိုးတက်အောင်ဆောင်ရွက်ပြီး နှစ်နိုင်ငံချစ်ကြည်ရေး တိုးမြှင့်ကြစေလိုကြောင်း ပြောကြားသည်။


ဆွေးနွေးပွဲသို့ တက်ရောက်မည့် ဆရာဝန်ကြီးခြောက်ဦးသည် ပထမအသုတ်အနေဖြင့် အောက်တိုဘာ ၁ ရက် ညနေ ၆ နာရီတွင် လည်းကောင်း၊ ဆရာဝန်ကြီးငါးဦးသည် ဒုတိယအသုတ် အနေဖြင့် အောက်တိုဘာ ၂ ရက် နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း မြန်မာနိုင်ငံမှ ရုရှားနိုင်ငံ မော်စကိုမြို့သို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မျက်စိပိတ် နားပိတ် ငြင်းဆိုနေ၍မရ၊ ထိရောက်သော စုံစမ်းစစ်ဆေးမှု ပြုလုပ်ရမည်

**နေပြည်တော် အောက်တိုဘာ ၁**

KNPP နှင့် PDF အမည်ခံ အကြမ်းဖက် သမားများက အရပ်ဘက် လေယာဉ်တစ်စင်းအား ရက်စက်ရိုင်းစိုင်းယုတ်မာစွာဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် KNPP အဖွဲ့က ငြင်းဆိုနေမှုနှင့် ပတ်သက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အခုလို ဖြေကြားထားပါတယ်။




**မေး။** ။မနေ့က ခရီးသည်တင်လေယာဉ်ကို ပစ်ခတ်ခံရတာနဲ့ ပတ်သက်ပြီး KNPP က ငြင်းဆိုနေတာကို တွေ့ရပါတယ်။ ဒီလိုရက်စက်ယုတ်မာတဲ့လုပ်ရပ်ဟာ ရာဇဝတ်မှုဖြစ်ပြီး ဘယ်နိုင်ငံကမှလည်း လက်ခံနိုင်စရာအကြောင်း မရှိပါဘူး။ ဒီအပေါ်မှာ တပ်မတော်ရဲ့ သဘောထားကို သိလိုပါတယ်။

**ဖြေ။** ။သူတို့ ကတော့ အကြမ်းဖက်အဖွဲ့တွေပီပီ တာဝန်ယူမှု၊ တာဝန်ခံမှုရှိမှာ မဟုတ်ပါဘူး။ မနေ့ကလည်း ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ပထမဦးဆုံး အဲဒီဘက်မှာဖြစ်ခဲ့တဲ့ အချို့သောသမိုင်းကြောင်းလေးတွေကို ကြည့်ရင်တောင် သိသာပါတယ်။ ဒီ KNPP နဲ့ PDF အကြမ်းဖက် သောင်းကျန်းသူတွေက အရင်တုန်းက မြို့သိမ်းတိုက်ပွဲဆင်နွှဲမယ်ဆိုပြီး လွိုင်ကော်မြို့ထဲမှာ တိုက်ပွဲတွေဖန်တီးခဲ့တဲ့အတွက် ပြည်သူလူထု အမြောက်အမြားလည်း မြို့ပေါ်ကနေ ထွက်ပြေးတိမ်းရှောင်ခဲ့ရတာတွေ ရှိတယ်။ အခုနောက်ပိုင်းမှာ တပ်မတော်အနေနဲ့ ပြန်လည်တည်ငြိမ်အောင် လုပ်ဆောင်နေလို့ ပြည်သူတွေအနေနဲ့ သူ့အရပ်နဲ့သူ နေနိုင်ခဲ့ပြီးဖြစ်တယ်။ လွိုင်ကော်မြို့ဘေးပတ်ဝန်းကျင်နေရာတွေ၊ တချို့သောရွာတွေမှာတော့ သူတို့တွေ ဝင်ထွက်သွားလာနေတာတွေရှိတယ်။ ဒါ့အပြင် လွိုင်ကော်လေဆိပ်ကို အရင်တုန်းကလည်း ၁၀၇ မမ ဒုံးနဲ့ ပစ်ခတ်ခံခဲ့ရတာရှိတယ်။ သူတို့ကိုယ်တိုင်လည်း ထုတ်ပြန်ခဲ့တယ်။ သူတို့ပစ်ခတ်ခဲ့တယ်ဆိုပြီး ကြေညာချက်ထုတ်ထားတာတွေရှိတယ်။ ခရီးသည်တင်လေယာဉ်ကို ပစ်ခတ်တယ်ဆိုတာ နိုင်ငံတကာမှာ ဘယ်နိုင်ငံကမှ၊ ဘယ်အဖွဲ့အစည်းကမှ လက်မခံတဲ့ကြီးမားတဲ့ရာဇဝတ်မှုမျိုးဖြစ်တဲ့အတွက် သူတို့အနေနဲ့ ငြင်းဆိုနေတာ ဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့ ပြောလိုတာကတော့ ထိရောက်ပြင်းထန်တဲ့တုံ့ပြန်မှုတွေ ဆောင်ရွက်သွားမှာ ဖြစ်တယ်။ ကျွန်တော်တို့ ဒီလိုပြောပြီးတဲ့အခါမှာလည်း သူတို့ကိုယ်သူတို့ကြီးမားတဲ့ရာဇဝတ်မှုကြီး ကျူးလွန်ထားတယ်ဆိုတာ သိတဲ့အတွက်ကြောင့် ဖုံးကွယ်နေတာ ဖြစ်တယ်။ ပြောချင်တာက သူတို့အနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမယ်။ စုံစမ်းစစ်ဆေးမှုပြုရမယ်။ စုံစမ်းစစ်ဆေးမှုမပြုဘဲနဲ့ ဒါမျိုး မျက်စိပိတ်၊ နားပိတ်ပြီး ငြင်းဆိုနေလို့ မရဘူး။ သူတို့ရဲ့အောက်ခြေမှာရှိတဲ့ တပ်တွေ၊ သူတို့ ထိန်းကွပ်ထားတဲ့၊ သူတို့ အကြမ်းဖက်ပညာသင်ပေးထားတဲ့ PDF ဆိုတဲ့ ကောင်တွေ ဒါတွေ လုပ်ခဲ့၊ မလုပ်ခဲ့ဆိုတာတွေကို သူတို့အနေနဲ့ စနစ်ကျတဲ့ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးမှ ပြောလို့ရမယ်။ စနစ်ကျတဲ့ စုံစမ်းစစ်ဆေးမှုပြုလုပ်ဖို့ လိုအပ်တယ်။ ကျွန်တော်တို့သိထားသမျှ၊ ရှိထားသမျှအချက်အလက်တွေကတော့ ဒီလုပ်ရပ်ကို KNPP နဲ့ PDF ပူးပေါင်းအကြမ်းဖက်အဖွဲ့တွေမှအပ ကျန်တဲ့လူလုပ်စရာအကြောင်း မရှိဘူးလို့ပဲ ကျွန်တော်ပြောချင်ပါတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမယ်။ စုံစမ်းစစ်ဆေးမှု လုပ်ရမယ်။ မျက်စိပိတ် နားပိတ်ပြီး ငြင်းဆိုနေလို့မရဘူးလို့ ပြောချင်ပါတယ်။

**သတင်းစဉ်**

## ကူညီပါရစေ

★ သွားလမ်းလည်း သာ၊ လာလမ်းလည်း ဖြောင့်
အမှောင့်လည်း ကင်း၊ အေးချမ်းခြင်းကို
ဆောင်ကြဉ်းရန်မှာ ဒို့ဝန်တာ။

★ တရားဥပဒေ၊ စိုးမိုးစေရေး
စေရာကို သွား၊ ထားရာမှာ နေ
တာဝန်ကျေအောင် ဒို့စွမ်းဆောင်။

★ ပြည်သူ့အကျိုးပြု၊ သယ်ပိုးမှုဖြင့်
ရပ်မှုရွာရေး၊ အလေးပေးကာ
ဖေးမကူညီ အားမာန်ချီ။

★ ထိုထိုဝန်တာ၊ အဖြာဖြာကို
ကျန်းမာ လန်းစွာ၊ အားသစ်ဖြာလျက်
ထာဝစဉ်သေချာ၊ တာဝန်ကျေစွာ
ထမ်းရွက်ပါမည် အားသန်ရည်။

★ ရည်သန်သည့်အတိုင်း
တိုင်းရေးပြည်ရွာ၊ ဝန် ထမ်းရာဝယ်
"သစ္စာ၊ သမာဓိ၊ သတ္တိ" ပြည့်သည့်
ပြည်၏သားကောင်း၊ ဖြစ်စေကြောင်းနှင့်
သားကောင်းပီစွာ
ပြည်သူ မြတ်နိုး၊ အချစ်တိုး၍
တိုးပွား ယုံကြည်၊ အားကိုးသည်ထိ
ဦးတည် ကြိုးပမ်းသွားပါအံ့။

★ အို . . မိ၊ ဖနှင့်တူ ဒို့ပြည်သူငဲ့
မိဖရဲ့အရေး၊ ဒို့အရေးတည့်
မိဖရဲ့အပူ၊ ဒို့အပူတည့်
မရှိအတူ ရှိအတူ
အေးအတူ ပူအမျှ
အတူတကွ မိသားစုပမာ
အသိအကြားပြုကာ
တူညီကာ မျှဝေ
(ကျွန်တော်တို့ ရဲတပ်ဖွဲ့တွေက)
ကူညီပါရစေ ။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

(၇၈ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုလျက်)

# ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကိုအခြေခံ၍ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာအဖွဲ့အစည်း အသီးသီးမှ နိုင်ငံတော်၏မူဝါဒများ၊ စီမံကိန်းများရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ နှစ်အလိုက် ခန့်မှန်းလူဦးရေစာရင်းအား နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

ယင်းစာရင်းများထုတ်ပြန်ရာတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူဦးရေကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၏ နှစ်လယ်ဖြစ်သော ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ရှိသည့် မြန်မာနိုင်ငံ၏ခန့်မှန်းလူဦးရေမှာ (၅၅ ဒသမ ၈) သန်းဖြစ်ပြီး အဆိုပါနေ့ရက်တွင်ရှိသည့် တိုင်းဒေသကြီး /ပြည်နယ်အလိုက် ခန့်မှန်းလူဦးရေ စာရင်းမှာ အောက်ပါအတိုင်းဖြစ်ကြောင်း ထုတ်ပြန်ထားသည် -

| တိုင်းဒေသကြီး/ ပြည်နယ် | (၁-၁၀-၂၀၂၂) ရက်နေ့ရှိ ခန့်မှန်းလူဦးရေ (သန်းပေါင်း) | | |
|---|---|---|---|
| | ကျား | မ | စုစုပေါင်း |
| ကချင်ပြည်နယ် | ၁.၀ | ၁.၀ | ၂.၀ |
| ကယားပြည်နယ် | ၀.၂ | ၀.၁ | ၀.၃ |
| ကရင်ပြည်နယ် | ၀.၈ | ၀.၈ | ၁.၆ |
| ချင်းပြည်နယ် | ၀.၃ | ၀.၂ | ၀.၅ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၂.၇ | ၃.၀ | ၅.၇ |
| တနင်္သာရီတိုင်းဒေသကြီး | ၀.၈ | ၀.၇ | ၁.၅ |
| ပဲခူးတိုင်းဒေသကြီး | ၂.၃ | ၂.၇ | ၅.၀ |
| မကွေးတိုင်းဒေသကြီး | ၁.၈ | ၂.၁ | ၃.၉ |
| မန္တလေးတိုင်းဒေသကြီး | ၃.၂ | ၃.၅ | ၆.၇ |
| မွန်ပြည်နယ် | ၀.၉ | ၁.၁ | ၂.၀ |
| ရခိုင်ပြည်နယ် | ၁.၆ | ၁.၈ | ၃.၄ |
| ရန်ကုန်တိုင်းဒေသကြီး | ၄.၂ | ၄.၇ | ၈.၉ |
| ရှမ်းပြည်နယ် | ၃.၃ | ၃.၄ | ၆.၇ |
| ဧရာဝတီတိုင်းဒေသကြီး | ၃.၀ | ၃.၃ | ၆.၃ |
| နေပြည်တော်ကောင်စီ | ၀.၆ | ၀.၇ | ၁.၃ |
| **စုစုပေါင်းခန့်မှန်းလူဦးရေ** | ၂၆.၇ | ၂၉.၁ | ၅၅.၈ |

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဘိုးဘွားများကို ဆေးဝါးပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။



**ပေးအပ်သွားမည်**

အဆိုပါအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှုရေးပင်စင် ထောက်ပံ့မှုအစီအစဉ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ယနေ့အထိ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကို ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းနိုင်ခဲ့ပြီး သက်ကြီးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် မြန်မာတစ်နိုင်ငံလုံးအနေဖြင့် အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးစီကို ငွေကျပ် ၁၀ သိန်းစီ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်မှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးက ယခုနှစ်အတွက် ဆောင်ပုဒ်ကို **" The Resilience and Contributions of Older Women" "သက်ကြီးအမျိုးသမီးများရဲ့ စွမ်းပကားဒို့များအလေးထား"**ဟု သတ်မှတ်ပေးထားကြောင်း၊ သက်ကြီးရွယ်အိုများ၏ အရေးကိစ္စသည် သက်ကြီးရွယ်အိုများနှင့်သာ သက်ဆိုင်သည့်ကိစ္စတစ်ခု မဟုတ်ဘဲ အသက်အရွယ်အပိုင်းအခြားအားလုံးတွင်ရှိသည့် လူအားလုံးနှင့်သက်ဆိုင်နေသည့်ကိစ္စဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေ ဒေသဆိုင်ရာ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ ဘိုးဘွားရိပ်သာများမှ အဘိုးအဘွားများနှင့် ဌာနဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးနှင့် ပတ်သက်သော ဆောင်ရွက်ချက် ဗီဒီယိုမှတ်တမ်းကို ပြသကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

လက်ရှိလူမှုအဖွဲ့အစည်းအတွက် သက်ကြီးရွယ်အိုများသည် အကျိုးရှိနေဆဲ၊ အသုံးဝင်နေဆဲဖြစ်သည်ကို အသိအမှတ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ၁၉၉၉ ခုနှစ်မှ စတင်ပြီး ယနေ့အထိ မပျက်မကွက် ကျင်းပဂုဏ်ပြုခဲ့ကြောင်း၊ သက်ကြီးရွယ်အိုများအပေါ် လေးစားကြည်ညိုတတ်သည့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းများကို မျိုးဆက်သစ်လူငယ်များ သိရှိနားလည်တတ်စေရန်နှင့် နိုင်ငံတော်မှ သက်ကြီးရွယ်အိုများအရေး အလေးထားဆောင်ရွက်ခြင်းကို ပြည်သူများ သတိပြုမိစေရန် ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ ယခုကဲ့သို့ ကျင်းပခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုတွင် သက်ကြီးရွယ်အိုများသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်စွမ်းရှိကြောင်းကို သိရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လေ့ကျင့်ပျိုးထောင်ရေးစင်တာ(Incubation Center)၌ နေပြည်တော်ကောင်စီနယ်မြေရှိ အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး အသေးစားစက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများအား ခေတ်မီနည်းစနစ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ကဏ္ဍအသီးသီး၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(SSID)က ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မိမိတို့ဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားရှိသော အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ စားသောက်ကုန်လုပ်ငန်း၊ လူသုံးကုန်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ စာပေနှင့်ပုံနှိပ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ပရိဘောဂလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းနှင့် အထွေထွေလုပ်ငန်း စသည့် လုပ်ငန်းအသင်းအဖွဲ့များမှ လုပ်ငန်းရှင်များက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကိုလည်းကောင်း ဝိုင်းဝန်းအကြံပြုတင်ပြခဲ့ကြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းများအလိုက် လိုအပ်သည်များကို ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဇီးကုန်းမြို့နယ်၌ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်

**ဇီးကုန်း အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့များအား လူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

သင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သာယာဝတီခရိုင် အမှတ်(၂)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၄၁/၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ဆွေးနွေးခြင်း၊ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းကို ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ဝင်များဖြစ်သည့် သင်တန်းသား ၁၁၈ ဦး တက်ရောက် ဆွေးနွေးခဲ့ကြောင်းနှင့် သင်တန်းကာလမှာ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ




## ဘရာဇီးနိုင်ငံ၌ အလုပ်လက်မဲ့ဦးရေ ၈ ဒသမ ၉ ရာခိုင်နှုန်း လျော့ကျလာ

**ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၁**

ဘရာဇီးနိုင်ငံ၌ အလုပ်လက်မဲ့ဦးရေသည် ဩဂုတ်လနှောင်းပိုင်းတွင် ၈ ဒသမ ၉ ရာခိုင်နှုန်းအထိ လျော့ကျလာပြီး အဆိုပါအရေအတွက်သည် လွန်ခဲ့သည့် ခုနစ်နှစ်အတွင်း အလုပ်လက်မဲ့ဦးရေအနိမ့်ဆုံး အဆင့်ဖြစ်ကြောင်း နိုင်ငံပိုင် ဘရာဇီး ပထဝီဝင်နှင့် စာရင်းအင်းသိပ္ပံ IBGE က ယမန်နေ့တွင် ပြောကြားသည်။

ဘရာဇီးနိုင်ငံ၌ အလုပ်လက်မဲ့နှုန်းသည် ဇွန်လမှ ဩဂုတ်လအထိကာလနှင့် မတ်လမှ မေလအထိ အဆိုပါကာလနှစ်ခုအကြားနှိုင်းယှဉ်ပါက သုည ဒသမ ၉ ရာခိုင်နှုန်း လျော့ကျလာကြောင်း သိရသည်။ ထို့ပြင် တစ်နှစ်ထက်တစ်နှစ် ၄ ဒသမ ၂ ရာခိုင်နှုန်း လျော့ကျလာကြောင်းလည်း သိရသည်။

IBGE ၏ အဆိုအရ အလုပ်လက်မဲ့နှုန်းသည် ဩဂုတ်လတွင် မေလထက် အလုပ်လက်မဲ့ဦးရေ ၉၃၇၀၀၀ လျော့နည်းလာကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ လျော့ကျလာပြီးနောက် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်လာသည့်အတွက် အလုပ်လက်မဲ့ ဦးရေနှုန်းသည်ဩဂုတ်လအထိ ခြောက်လဆက်တိုက် သိသိသာသာ လျော့ကျလာခြင်းဖြစ်သည်။

နိုင်ငံအတွင်း အလုပ်လုပ်ကိုင်သူဦးရေသည် တစ်နှစ်ထက်တစ်နှစ် ၉၉ သန်းအထိ စံချိန်တင် မြင့်တက်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

■

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၀၇ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ အောက်တိုဘာ ၁**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀၇ ဦးထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၄၈၄၀၈၇၉ ဦးရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၂ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများ ဖြစ်ပြီး ကျန် ၁၉၉၅ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ငါးဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၃၆၃၇၄ ဦးရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၄၀၇ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါပြန်လည်သက်သာလာသူပေါင်း ၄၇၇၈၇၃၆ ဦးရှိကြောင်း သိရသည်။



လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၅၇၆၉ ဦးရှိပြီး ယင်းတို့အနက် ၄၂ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၁၉ ဦးသည် အသက်ရှူအထောက်အကူပြု ကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။ ပြည်သူ ၈၄ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၄၉ ဒသမ ၇ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကာ ပြည်သူ ၁ ဒသမ ၅ ရာခိုင်နှုန်းသည် ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## မြောက်ကိုရီးယားက တာတိုပစ်ပဲ့ထိန်း ဒုံးကျည်နှစ်စင်း စမ်းသပ်ပစ်လွှတ်

**ဆိုးလ် အောက်တိုဘာ ၁**

မြောက်ကိုရီးယားက တာတိုပစ်ပဲ့ထိန်း ဒုံးကျည်နှစ်စင်းအား နိုင်ငံ၏ အရှေ့ဘက်ရေပိုင်နက်အတွင်းသို့ ယနေ့စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များက ပြောကြားခဲ့သည်။

အဆိုပါ ပဲ့ထိန်းဒုံးကျည်နှစ်စင်းအား ပြုံယမ်းရှိ ဆူနန်ဒေသမှ ယနေ့ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၅ မိနစ်မှ ၇ နာရီ သုံးမိနစ်အတွင်း စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားက စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် တာတိုပစ်ပဲ့ထိန်း ဒုံးကျည်နှစ်စင်းကို ၎င်း၏အရှေ့ဘက်ရေပြင်သို့ အသီးသီးပစ်ခတ်ခဲ့ပြီး စက်တင်ဘာ ၂၅ ရက်တွင် အရှေ့ဘက်ရေပြင်သို့ တာတိုပစ်ပဲ့ထိန်း ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်ခတ်ခဲ့သည်။

ယခုနှစ်အတွင်း မြောက်ကိုရီးယားက ပဲ့ထိန်းဒုံးကျည် အစင်း ၂၀ နှင့် ခရုဇ်ဒုံးကျည် နှစ်ကြိမ် စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်– အောင်ကျော်ကျော်**



## ပါကစ္စတန်နိုင်ငံ၌ တစ်ရက်အတွင်း ရေကြီးမှုကြောင့် ၁၅ ဦး ထပ်မံသေဆုံး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁**

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း မိုးရွာသွန်းမှုမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် ရုတ်တရက် ရေကြီးမှုများကြောင့် အနည်းဆုံး ၁၅ ဦးထပ်မံသေဆုံးခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ယင်းသို့ ရုတ်တရက်ရေကြီးမှုကြောင့် သေဆုံးခဲ့သူများထဲတွင် ကလေးငယ် ၁၁ ဦးနှင့် အမျိုးသမီးလေးဦး ပါဝင်ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က စက်တင်ဘာ ၃၀ ရက်ညနေပိုင်းတွင် ထုတ်ပြန်သည့်ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်ပိုင်းမှစတင်ကာ မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးမှုများကြောင့် သေဆုံးသူ ၁၆၉၃ ဦးရှိကာ ၁၂၈၆၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ထို့ပြင် အဆိုပါရေကြီးမှုကြောင့် လူနေအိမ်စုစုပေါင်း ၂၀၄၅၃၄၉ လုံးပျက်စီးခဲ့ပြီး တိရစ္ဆာန်အကောင်ရေပေါင်း ၁၁၆၀၀၇၈ ကောင်သေဆုံးခဲ့ကြောင်း သိရသည်။ ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ ရေကြီးမှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း လမ်းအရှည် ၁၃၀၇၄ ကီလိုမီတာနှင့် တံတားအစင်းရေ ၄၁၀ ပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၉၆၀ ထပ်မံတွေ့ရှိ

**ဆိုးလ် အောက်တိုဘာ ၁**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၉၆၀ ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၄၇၉၆၀၁၄ ဦးရှိလာကြောင်းတောင်ကိုရီးယား ကျန်းမာရေး အာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၃၀၁ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၉ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၈၄၄၅ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ သုည ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**



## အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများနှင့် ဒုက္ခရောက်စေရန် ကျူးလွန်မှုများကို ပြစ်တင်ရှုတ်ချကြောင်း သတင်းထုတ်ပြန်

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

**သဘောထားထုတ်ပြန်ချက်**

၁။ ရန်ကုန်-နေပြည်တော်-လွိုင်ကော်-ရန်ကုန် ခရီးစဉ်ကိုပြေးဆွဲနေသော မြန်မာအမျိုးသားလေကြောင်းပိုင် လေယာဉ်တစ်စင်း လွိုင်ကော်လေဆိပ်သို့ဆင်းသက်စဉ် အကြမ်းဖက်သူများက အကြောင်းမဲ့ပစ်ခတ်ခဲ့ကြောင်း သိရှိရပါသည်။

၂။ ခရီးသည်(၆၃)ဦး လိုက်ပါလာသောလေယာဉ်ကို ယခုကဲ့သို့ ပစ်ခတ်တိုက်ခိုက်မှုသည် အလွန်အန္တရာယ်ကြီးမားသော ပြစ်မှုကြီးဖြစ်ပါသည်။

၃။ အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများနှင့် ဒုက္ခရောက်စေရန် ကျူးလွန်မှုများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြစ်တင်ရှုတ်ချကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ စနေနေ့**

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် နံနက် ၀၈၄၅ နာရီခန့်၌ ရန်ကုန်-နေပြည်တော်-လွိုင်ကော်-ရန်ကုန် ခရီးစဉ်ပြေးဆွဲသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်အမှတ် XY-AML၊ လေယာဉ်အမျိုးအစား ATR-72 (600) သည် ခရီးသည် ၆၃ ဦး တင်ဆောင်၍ လွိုင်ကော်လေဆိပ်သို့ ဆင်းသက်ရန် လေယာဉ်ကွင်းသို့ ချဉ်းကပ်ပျံသန်းနေစဉ် အကြမ်းဖက်သမားများက လက်နက် (စိစစ်ဆဲ) ဖြင့် ပစ်ခတ်ခဲ့ရာ လေယာဉ်၏ဘယ်ဘက်ဝမ်းဗိုက်အားထိမှန်ခဲ့ပြီး လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်တစ်ဦး ညာဘက်ပါးတွင် ကျည်ထိမှန်ဒဏ်ရာ ရရှိခဲ့ပါသည်။

နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်လျက် အပြစ်မဲ့ပြည်သူများအား အမျိုးမျိုးရန်ရှာကာ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများနှင့် ယခုဖြစ်စဉ်အပါအဝင် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာ ပြစ်တင်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**






မြင်းခြံမြို့နယ် မြောက်ကျွန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ပျက်စီးခဲ့မှုကိုတွေ့ရစဉ်။

## မြင်းခြံမြို့နယ် မြောက်ကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်

**နေပြည်တော် အောက်တိုဘာ ၁**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များအား မီးရှို့ဖျက်ဆီးခြင်းစသည့်နည်းလမ်းမျိုးစုံအသုံးပြုကာ နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၅ နာရီမိနစ် ၅၀ ခန့်တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြောက်ကျွန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် ကျောင်းဆောင်ရှိ ပြတင်းပေါက်တံခါးများ ပျက်စီးကာ ကျောင်းအဆောက်အအုံများ၌ လက်နက်ကြီး/လက်နက်ငယ်ကျည်များ ထိမှန်ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ဈေးတန်း(၁၁)ရပ်ကွက်နေ သစ်ဆန်းဦး(ခ)အဲငယ်သည် ၎င်းအသုံးပြုသည့် “Thisoo Sun” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကွင်းတောင်ရပ်ကွက်နေ ပြည်ညွန့်သည် ၎င်းအသုံးပြုသည့် “Pyi Nyunt” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက်နေ အောင်ကိုကို(ခ)ခိုလေး၊ သန့်ဇင်ဦးနှင့် ဟိန်းထက်တို့သည် ၎င်းတို့အသုံးပြုသည့် “Aung Ko Ko” Facebook အကောင့်၊ “Thant Zin Oo” Facebook အကောင့်၊ “Hein Htet” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သပိတ်ကျင်းမြို့နယ် မင်းကုန်းကျေးရွာရှိ တောင်ယာတဲအတွင်း၌ အပြစ်မဲ့ပြည်သူ သုံးဦးကို PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်

**နေပြည်တော် အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဆယ်ဇင်းကုန်းကျေးရွာအုပ်စု မင်းကုန်းကျေးရွာ၏အရှေ့ဘက် ငါးမိုင်ခန့်အကွာရှိ တောင်ယာတဲ၌ နေထိုင်လျက်ရှိသော မိသားစုအား စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းကြောင့် ငါးနှစ်အရွယ်ကလေးငယ် တစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ကာ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းကုန်းကျေးရွာ၏အရှေ့ဘက် ငါးမိုင်ခန့်အကွာရှိ တောင်ယာတဲ၌ ဦးရင်မောင်နှင့် ဇနီးဖြစ်သူ ဒေါ်အေးအေးသင်း၊ သားဖြစ်သူ အသက်ငါးနှစ်အရွယ် မောင်ဆန်းသစ်အောင်တို့ ရှိနေစဉ် မွန်းလွဲ ၁ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိလာပြီး ဒလန်ဟုစွပ်စွဲကာ သေနတ်ဖြင့် ပစ်ခတ်၊ ဓားဖြင့်ခုတ်ကာ အကြောင်းမဲ့သတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့အကြောင်းမဲ့သတ်ဖြတ်ခဲ့ခြင်းကြောင့် ဦးရင်မောင်နှင့် ဇနီးဖြစ်သူ ဒေါ်အေးအေးသင်းတို့မှာ အခင်းဖြစ်ပွားနေရာတွင် သေဆုံးခဲ့ပြီး အသက် ငါးနှစ်အရွယ် မောင်ဆန်းသစ်အောင်မှာ လက်ဖျံနှင့် လက်မောင်း ကျည်ဖောက်ဝင်ဒဏ်ရာများ အပြင်းအထန်ရရှိခဲ့ကြောင်း သိရသည်။ ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်အား နယ်မြေခံပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသပေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အေးချမ်းစွာနေထိုင်သော မိသားစုအား အကြောင်းမဲ့ရက်စက်စွာသတ်ဖြတ်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




**ပြည့်ဝဆီများကို**

**တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ**

**စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

၂၀၂၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2022)


" ကြိုတင်သတိပေးထုတ်ပြန်ချက် ဆောလျင်ဆောင်ရွက်အားလုံးအတွက် "

"Early Warning and Early Action for All"

အောက်တိုဘာလ (၁၃) ရက်

ကမ္ဘာ့ဆရာများနေ့

ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများနှင့် အစပြု




THE TRANSFORMATION OF EDUCATION BEGINS WITH TEACHERS

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၅)ရက်

## တိုင်းဒေသကြီးအတွင်းရှိ ဘိုးဘွားရိပ်သာ ၁၅ ခုအတွက် ဆေးပဒေသာပင်အလှူငွေနှင့် ထောက်ပံ့ငွေများ လှူဒါန်း

ပုသိမ် အောက်တိုဘာ ၁

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ စက်တော်ရာဘိုးဘွားရိပ်သာ၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်နှင့်ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုတောင်းဂုဏ်ပြုစကားပြောကြားခဲ့ပြီး အဘိုးအဘွားများအား လက်အုပ်ချီမိုး ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်တော်ရာဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက် ဆေးပဒေသာပင်အလှူငွေနှင့် ဘိုးဘွားရိပ်သာ တည်ဆောက်ရန်အတွက် အလှူငွေများအား လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ကျုံပျော်ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအတွက် ဆေးပဒေသာပင်အလှူငွေများအား လည်းကောင်း လှူဒါန်းခဲ့ကြပြီးနောက် တိုင်းဒေသကြီး



ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများက စက်တော်ရာဘိုးဘွားရိပ်သာရှိ အဘိုးအဘွားတစ်ဦးချင်းစီအား ဆေးပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။ အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး မိသားစု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်များက တိုင်းဒေသကြီးအတွင်းရှိ ဘိုးဘွားရိပ်သာ ၁၅ ခုအတွက် ဆေးပဒေသာပင်အလှူငွေ၊ ခရိုင်ရှစ်ခရိုင်ရှိ အသက်အကြီးဆုံးဘိုးဘွားများ ထောက်ပံ့ငွေ၊ စက်တော်ရာဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက် ထောက်ပံ့ငွေများ လှူဒါန်းထောက်ပံ့ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည့် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စီမံထူးချွန်တံဆိပ်၊ ရဲသူရတံဆိပ်၊ ရဲဗလတံဆိပ်ရရှိသူများအား လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပုသိမ်လေတပ်စခန်း ဌာနချုပ်မှူးနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ရဲဗလတံဆိပ်ရရှိသူများနှင့် ရဲချုပ်၏ အမှုထမ်းကောင်းလက်မှတ်ရရှိသူအား လည်းကောင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးအဖွဲ့၏ ဆုချီးမြှင့်ခြင်းခံရသူနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ အမှုထမ်းကောင်းလက်မှတ်ရရှိသူများအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ပြသမှုအားကြည့်ရှုအားပေးခဲ့ကာ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြပြီး ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဖျာပုံမြို့နယ် သဲအိမ်ကျောင်းစုကျေးရွာ၌ ပြည်သူ့အကျိုးပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ဖျာပုံ အောက်တိုဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်းလျက် ဖျာပုံမြို့နယ် သဲအိမ်ကျောင်းစုကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်ရှိပြည်သူများနှင့်တွေ့ဆုံ၍ ပြည်သူ့အကျိုးပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ပေးခြင်း အစီအစဉ်ကို ယနေ့ နံနက် ၉ နာရီတွင် သဲအိမ်ကျောင်းစုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းဦးက



အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးငွေမင်းထိုက်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးနိုင်ဦးတို့က ဒေသလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ကိစ္စရပ်များနှင့်ပတ်သက်၍ လည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာဌာနအလိုက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် ဖျာပုံမြို့နယ် ဆန်စက်၊ ဆန်ကုန်သည်များအသင်းက အချွန်ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ နှုန်း၊ မြို့နယ်ဆီလုပ်ငန်းရှင်အသင်းက စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချပေးမှုအပေါ် မြို့နယ်ကြက်ခြေနီအသင်းဝင်များနှင့် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများက လုပ်အားပါဝင်ကူညီပေးခြင်း၊ ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်(၂)ဖြင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးခြင်း အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြပြီး ဒေသအခြေအနေနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းမှုအပေါ် သက်ဆိုင်ရာဌာနများမှ ကဏ္ဍအလိုက် ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။ ၂၀၇

## ကျုံပျော်ခရိုင်၌ ဆောင်းနေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်း ဝန်ထမ်းနည်းပညာပေးသင်တန်းဖွင့်

ကျုံပျော် အောက်တိုဘာ ၁

ပြည်သူများအတွက် ကျန်းမာရေးနှင့် သင့်လျော်သည့်စားသုံးဆီ ဖူလုံစွာရရှိနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ဖွင့်လှစ်သည့် ၂၀၂၂-၂၀၂၃ ဆောင်းနေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်း ဝန်ထမ်းနည်းပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ ပြုလုပ်သည်။

ဖွင့်ပွဲတွင် ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးကျော်ကျော်လှိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျုံပျော်၊ ရေကြည်နှင့် ကျောင်းကုန်းမြို့နယ်များရှိစိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၆၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် နေကြာသီးနှံမျိုးစေ့ထုတ်လုပ်ခြင်း၊ အပင်ပြုစုစောင့်ရှောက်ခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း စသည့် နည်းပညာများကို သင်တန်းဆရာ ခြောက်ဦးတို့က နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



## ဝေါမြို့နယ် မိုးယွန်းကြီးအင်းအတွင်း ငါးသယံဇာတထိန်းသိမ်းရေးအတွက် ငါးမျိုးစိုက်ထည့်

ဝေါ အောက်တိုဘာ ၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝေါမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတများ ပေါကြွယ်ဝစေရန်၊ ဒေသခံပြည်သူများ ငါးပြည့်ပြည့်ဝဝစားနိုင်ရန်၊ ငါးရိက္ခာဖူလုံစေရန်အတွက် ရည်ရွယ်၍ ငါးမျိုးစိုက်ထည့်ခြင်းကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် မိုးယွန်းကြီးအင်းဘေးမဲ့တောသစ်တောကြိုးဝိုင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ခင်မျိုးနိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံရေလုပ်သားများ၊ အင်းသားကြီးများ စုပေါင်း၍ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ သုံးသိန်းကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# စားသုံးဆီနှင့် စက်သုံးဆီ ချွေတာကြမယ်ဆိုရင် ....

ဒေါက်တာမောင်ကျော် – ပါမောက္ခချုပ်(ငြိမ်း)

**(အောက်တိုဘာ ၃၀ ရက်နေ့မှအဆက်)**

မော်တော်ကားတွေသာမက ကျောက်မီးသွေးသုံး စက်ရုံတွေမှာလည်း နည်းပညာတွေ မြင့်မားလာတဲ့အတွက် ဂျပန်၊ ဂျာမနီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွေမှာ ကျောက်မီးသွေးသုံးစက်ရုံကို ၂၀၄၀ ပြည့်နှစ်အထိ ဆက်လက်အသုံးပြုမယ်လို့ သိရပါတယ်။ လျှပ်စစ်စွမ်းအင်ထုတ်ရာမှာ အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ ဥရောပနဲ့ ဂျပန်နိုင်ငံတို့ဟာ ကျောက်မီးသွေး၊ ရေနံ၊ အဏုမြူစွမ်းအင်နဲ့ ရေအားလျှပ်စစ်စွမ်းအင်အရင်းအမြစ်ကို အခြေခံပြီး လျှပ်စစ်ဓာတ်ကို ထုတ်ကြရပါတယ်။ လျှပ်စစ်နဲ့ပဲ ပစ္စည်းမျိုးစုံကိုထုတ်၊ အလုပ်လုပ်ကြပါတယ်။




### နေရောင်ခြည်သုံးလျှပ်စစ်

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ၅–၁၀ ရာခိုင်နှုန်းသော အိမ်ရာအဆောက်အအုံတွေအတွက် နေရောင်ခြည်သုံးပြီး လျှပ်စစ်ထုတ်ဖို့ စီမံခဲ့တာလည်းတွေ့ရပါတယ်။ ပေကျင်းမြို့တော်က တစ်သန်းသော အိမ်ရာမိသားစုအတွက် ကျောက်မီးသွေးလောင်စာအစား နေရောင်ခြည်စွမ်းအင်ကို သုံးခြင်းဖြင့် လေထုတွင်းရောက်သွားမယ့် ကာဗွန်မိုနောက်ဆိုက် (CO) တန် ၇ ဒသမ ၇ သန်း လျှော့ချနိုင်ခဲ့ပါတယ်။ ၁၀ နှစ်အတွင်းမှာ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့တန်ချိန် သုံးသောင်းငါးထောင်နဲ့ ဖုန်မှုန့်အမှုန်တန်တစ်သောင်းတစ်ထောင်တို့ကို လျှော့ချနိုင်ခဲ့ပါတယ်။ ဒါဟာ လေထုညစ်ညမ်းမှုကင်းဝေးရေး မဟာစီမံကိန်းဖြစ်တယ်လို့ ပြောနိုင်ပါတယ်။

တစ်နည်းအားဖြင့် ကျောက်မီးသွေးသုံးလျှပ်စစ်ပမာဏ တစ်နာရီမှာ ကီလိုဝပ် ခြောက်ဘီလီယံကို ချွေတာနိုင်ခဲ့ပါတယ်။ မြန်မာတို့ဟာ စားသုံးဆီ၊ စက်သုံးဆီ၊ လျှပ်စစ်အထိ အရာရာမှာ အလေအလွင့်အဟောသိကံ မဖြစ်ဖို့၊ ချွေတာဖို့ ဆက်လက်ကြိုးပမ်းနေကြရမှာ ဖြစ်ပါတယ်။

ဥပမာ တောင်ပေါ်ဒေသတွေမှာသုံးတဲ့ စက်သုံးဆီဟာ 92 ပဲဖြစ်ရမယ်လို့ ဓာတုဗေဒသဘောအရ သိရှိရပါတယ်။ 95 ဖြစ်ဖို့မလိုအပ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ တောင်ပေါ်ဒေသလေထုဟာ အောက်ဆီဂျင်နည်းလို့ဖြစ်ပါတယ်။



ဒါကြောင့် 95 အောက်တိန်းဓာတ်ဆီဟာ စွမ်းအားရှိသလောက် မလောင်ကျွမ်းလို့ အလေအလွင့်များပါတယ်။ 92 အောက်တိန်းကတော့ တောင်ပေါ်ဒေသတွေမှာ အသင့်တော်ဆုံးဓာတ်ဆီလောင်စာဆီဖြစ်ပါတယ်။ ဒါကြောင့် တောင်ပေါ်ဒေသတွေမှာ ကားကောင်းစီးကြသူတွေဟာ 92 ဓာတ်ဆီဆိုရင် လုံလောက်ပါပြီ။ 95 RON ဖြစ်ဖို့



မလိုအပ်လို့ ကုန်ကျစရိတ်နည်းသွားမှာလို့ ပြောချင်ပါတယ်။

အမေရိကန်တို့ဟာ စက္ကူဟောင်းတွေကို နှစ်စဉ်တန်ချိန် ၁၈ သန်းအထိ ပြန်လည်သုံးစွဲနိုင်တဲ့အတွက် ၁ ဒသမ ၁ သန်းသော သစ်တောသစ်ပင်တို့ကို ထိန်းသိမ်းနိုင်လို့ သစ်တောတွေဟာ ညို့နေပါတယ်။ များစွာသော အမေရိကန်မြို့ပြတွေဟာ အမျိုးသားလေထုညစ်ညမ်းမှုစံချိန်ကို မမီနိုင်ဘဲ ဖြစ်နေတယ်လို့ဆိုပါတယ်။ အထူးသဖြင့် အိုဇုန်းနဲ့ နိုက်ထရိုဂျင်အောက်ဆိုက်ပမာဏ လေထုအရည်အသွေးအညွှန်း (Air Quality Index Values 0–50) အကောင်းဆုံး သုညမှ ၅၀ ကို မရောက်နိုင်သေးတာပဲ ဖြစ်ပါတယ်။

၅၁ မှ ၁၀၀ ဆိုရင် အတော်အသင့်ကောင်းပြီး ၁၀၁ မှ ၁၅၀ အထိ ရောက်သွားပြီဆိုရင် ကျန်းမာရေးနဲ့ မညီညွတ်တော့ဘူးဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ၃၀၁ မှ ၅၀၀ အထိ လေထုအရည်အသွေးပမာဏ ရောက်ပြီဆိုရင်တော့ အန္တရာယ်အဆင့်ရောက်သွားပါပြီ။ ရန်ကုန်တို့၊ မန္တလေးတို့ဆိုတာ အခြေအနေကောင်းနေပါတယ်။ ရန်ကုန်မြို့ဟာ အဲဒီအဆင့်ရောက်လာပြီဆိုရင် မွန်းကျပ်၊ အသက်ရှူမဝ၊ သွားလို့လာလို့မရဖြစ်သွားပါလိမ့်မယ်။

### ကာဗွန်မိုနောက်ဆိုက်အန္တရာယ်

ကျွန်တော်တို့တစ်တွေဟာ နေ့စဉ်နေ့တိုင်း လေကို လီတာ ၁၀၀၀၀ နဲ့ ၂၀၀၀၀ ကြားမှာ ရှူရှိုက်ပါတယ်။ သာမန်အရည်အသွေးရှိတဲ့လေ တစ်ကုဗမီတာထဲမှာ ကာဗွန်မိုနောက်ဆိုက် ၅၀၀၀ မိုက်ခရိုဂရမ် ပါဝင်လေ့ရှိပါတယ်။ သို့သော် ခဏတစ်ဖြုတ် ဒီလိုလေမျိုးရှူရှိုက်မိရင်လည်း အန္တရာယ်မကြီးနိုင်ပေဘူး။ ဒါပေမဲ့ ဒီလေမျိုးကို ရက်ရှည်လများ ရှူနေရင်တော့ တစ်နေ့မှာ ကာဗွန်မိုနောက်ဆိုက်အဆိပ်သင့်ပြီး သွေးလည်ပတ်မှုပြတ်တောက်နိုင်ပါတယ်။

ကာဗွန်မိုနောက်ဆိုက်နဲ့ ဆက်စပ်တဲ့အန္တရာယ်ကို စဉ်းစားကြည့်ရင် ဒီဓာတ်ငွေ့ဟာ လေထုထဲမှာ တန်ပေါင်း သန်းချီပြီးရှိနေပါတယ်။ ဒီလောက်များပြားပေမယ့် ဒီဓာတ်ငွေ့ရဲ့ အန္တရာယ်ဟာ တစ်နေရာနဲ့တစ်နေရာ မတူညီတာတွေ့ရပါတယ်။ တချို့နေရာတွေမှာ ဒီဓာတ်ငွေ့ပမာဏဟာ လေထုတွင်း မပြောပလောက်အောင် နည်းနေတတ်ပါတယ်။ ကာဗွန်မိုနောက်ဆိုက်ဟာ စက်ချို့ယွင်းနေရင်သော်လည်းကောင်း၊ လေဝင်လေထွက် မကောင်းရင်သော်လည်းကောင်း အသက်အန္တရာယ်ပေးနိုင်ပါတယ်။ ဒီဓာတ်ငွေ့နဲ့ပတ်သက်ပြီး အန္တရာယ်ဘယ်လောက်ရှိတယ်ဆိုတာကို ဒီဓာတ်ငွေ့ရှိနေတဲ့နေရာမှာ ဘယ်လောက်ကြာကြာ ထိတွေ့ရှူရှိုက်မိသလဲဆိုတဲ့ အပေါ်မှာလည်း မူတည်ပါတယ်။

ဥပမာဆိုရင် လက်တင်အမေရိကနိုင်ငံတွေက မြို့ကြီးတွေမှာ စုစုပေါင်း ၈၁ သန်းသော လူထုဟာ မီးခိုးတလူလူနဲ့ မွန်းကျပ်နေတဲ့လေထုမှာ နေထိုင်ကြရတယ်လို့ဆိုပါတယ်။ မြို့ကြီးပြကြီးတွေမှာ ကမ္ဘာကြီးပူနွေးစေတဲ့ ကာဗွန်ဓာတ်ငွေ့တွေကို သူသူငါငါ ရှူရှိုက်ရင်း ပျော်စရာပဲလို့ ထင်နေတဲ့လူထုထဲမှာ ခင်ဗျား၊ ကျွန်တော်ပါဝင်နေတတ်ပါလိမ့်မယ်။



ရန်ကုန်မြို့ကြီးဟာ ဒီအခြေအနေအထိ မဆိုးသော်လည်း လူစီးမော်တော်ကားတွေ များတာကြောင့် လေထုဟာညစ်ညမ်းလာပါတယ်။ ကာဗွန်မိုနောက်ဆိုက်နဲ့ အိုဇုန်းဓာတ်ငွေ့တွေဟာ လမ်းသွားလမ်းလာတွေအတွက် အထိုက်အလျောက် အန္တရာယ်ပြုနေပေလိမ့်မယ်။ အများသုံးဘတ်စ်ကားတွေ များများပြေးဆွဲနိုင်ရင် အဆိပ်ဓာတ်ငွေ့အန္တရာယ်က ကာကွယ်နိုင်မှာဖြစ်ပါတယ်။ မြို့ပတ်ရထားတွေ ပိုပြီးပြေးဆွဲရင် ရန်ကုန်မြို့ကြီးရဲ့လေထုဟာ ပိုသန့်ရှင်းလာပါလိမ့်မယ်။ လမ်းဘေးဝဲယာတွေမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကို စုပ်ယူမယ့် သစ်ရွက်ကြွေနည်းတဲ့ သစ်ပင်ပန်းပင်တွေစိုက်လို့ရှိရင်လည်း လေထုဟာ သန့်ရှင်းပြီး မြင်ရသူ ကြည်နူးမယ့်ပန်းအလှတွေ ဝေဆာနေရင် စိတ်ပူလောင်ခြင်းကင်း၊ ဒေါသကင်းတဲ့ ပတ်ဝန်းကျင်ဟာ ကိုယ့်အနီးအနားမှာ တွေ့ရမှာဖြစ်ပါတယ်။



> ❝ မြို့ကြီးပြကြီးတွေမှာ ကမ္ဘာကြီးပူနွေးစေတဲ့ ကာဗွန်ဓာတ်ငွေ့တွေကို သူသူငါငါရှူရှိုက်ရင်း ပျော်စရာပဲလို့ ထင်နေတဲ့လူထုထဲမှာ ခင်ဗျား၊ ကျွန်တော်ပါဝင်နေတတ်ပါလိမ့်မယ်။ ရန်ကုန်မြို့ကြီးဟာ ဒီအခြေအနေအထိ မဆိုးသော်လည်း လူစီးမော်တော်ကားတွေ များတာကြောင့် လေထုဟာ ညစ်ညမ်းလာပါတယ်။ ကာဗွန်မိုနောက်ဆိုက်နဲ့ အိုဇုန်းဓာတ်ငွေ့တွေဟာ လမ်းသွားလမ်းလာတွေအတွက် အထိုက်အလျောက် အန္တရာယ်ပြုနေပေလိမ့်မယ်။ အများသုံးဘတ်စ်ကားတွေ များများပြေးဆွဲနိုင်ရင် အဆိပ်ဓာတ်ငွေ့အန္တရာယ်က ကာကွယ်နိုင်မှာဖြစ်ပါတယ်။ မြို့ပတ်ရထားတွေ ပိုပြီးပြေးဆွဲရင် ရန်ကုန်မြို့ကြီးရဲ့လေထုဟာ ပိုသန့်ရှင်းလာပါလိမ့်မယ် ❞

### အင်တာနက်ကြောင့်

ကမ္ဘာကြီးဟာ ကျေးရွာကြီးလိုဖြစ်သွားစေတာ အင်တာနက်ကြောင့်၊ World Wide Web (WWW) ကြောင့် နီးကပ်လာပါတယ်။ နယ်စပ်ကို ဖြတ်ကျော်နိုင်တာ တွေ့ရပါတယ်။ လူကိုယ်တိုင်သွားစရာမလိုတဲ့ လုပ်ငန်းတွေကို ပြုလုပ်နိုင်တဲ့အတွက်ကြောင့် လောင်စာဆီပြဿနာတွေကို ဖြေရှင်းနိုင်ခဲ့ကာ ကမ္ဘာကြီးပူနွေးမှုကိုပင် လျှော့ချနိုင်ပါတယ်။ အင်တာနက်ဟာ လောင်စာစွမ်းအင်ကို များစွာသက်သာစေပါတယ်။ စွန့်ဦးတီထွင်သူတွေ၊ ကုမ္ပဏီသစ်တွေနဲ့ လုပ်ငန်းမိုဒယ်သစ် (New Business Model) တွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပေါ်လာတာ တွေ့ရပါတယ်။ မြို့တွင်းဆိုင်ကြီးတွေသာမက ရန်ကုန် – မန္တလေး အဝေးပြေးလမ်းမဘေးက စားသောက်ဆိုင်တွေမှာပင် တက်ဘလက် (Tablet) သုံးပြီး ကြိုက်ရာမှာစား ငွေရှင်းတဲ့စနစ်တွေဟာ ဝိုင်ဖိုင်အင်တာနက်ပေါ်မှာ တည်ထောင်တာပဲဖြစ်ပါတယ်။ လူ့ရဲ့ခွန်အားစွမ်းအင်ဆိုင်ရာတွေ၊ အချိန်ကုန်တာတွေကို များစွာသက်သာစေတာဖြစ်ပါတယ်။ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုဘေးက ကာကွယ်ရာရောက်ပါတယ်။ လူ့ပတ်ဝန်းကျင်ကို အမှီပြုပြီး သက်ရှိမှန်သမျှဟာ ရှင်သန်ကြရပါတယ်။ လူတို့ရဲ့ ဘဝအဆင့်အရည်အသွေးဟာလည်း ပတ်ဝန်းကျင်ကောင်းနေမှ မြင့်မားနိုင်မှာ၊ ရှင်သန်နိုင်မှာဖြစ်ပါတယ်။

### နိစ္စဓူဝကိစ္စအန္တရာယ်

လူဟာ ဘယ်လိုနိစ္စဓူဝကိစ္စမဆို လုပ်ကြရစမြဲမို့ အန္တရာယ်ဆိုတာကိုလည်း မလွဲမသွေကြုံရတတ်ပေလိမ့်မယ်။ နေ့စဉ်ပုံမှန်လုပ်နေကျကိစ္စတွေမှာ အန္တရာယ်ရှိကြောင်း စာရင်းအင်းပညာက ဆိုပါတယ်။ ဥပမာ မော်တော်ကားနဲ့ မိုင်သုံးရာခရီးနှင်ကြတဲ့ လူတစ်သန်းထဲက တစ်ယောက်သောသူဟာ ယာဉ်တိုက်မှုကြောင့် သေနိုင်ဖွယ်ရှိပါတယ်။ ကားမောင်းရင် ယာဉ်တိုက်မှုကြောင့် အသက်ဆုံးရှုံးခြင်းနဲ့ကြုံရဖွယ်ဟာ တစ်သန်းမှာ တစ်ခါကြုံရမယ်လို့ အန္တရာယ်ရှိနိုင်ခြေကို မော်တော်ကားမောင်းသူရှေ့ခန်းတစ်နေရာမှာဖော်ပြလေ့မရှိ၊ သို့သော် ဒီစာရင်းအင်းပညာအရ သိလာမှုအတွက် ကြိုတင်ကာကွယ်တဲ့အနေနဲ့ လေအိတ်ထည့်ထားတာကို ကားမောင်းသူတို့ သိရှိကြပါတယ်။

ဒီလိုအမှန်တကယ်ဖြစ်လာမယ့် အန္တရာယ်သာမက အန္တရာယ်ဆိုတာကို လူတို့က မည်သို့ထင်မြင်မှုအပေါ်မှာလည်း မူတည်ပါသေးတယ်။ ဥပမာ မော်တော်ကားမောင်းပြီး ခရီးသွားတာဟာ လေယာဉ်စီးပြီး ခရီးသွားတာထက် အန္တရာယ်ကြီးတယ်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာပင် နေ့စဉ်ယာဉ်တိုက်မှုကြောင့် လူဦးရေ ၁၀၀ အသက်ဆုံးရှုံးနေပါတယ်။ ဒါပေမဲ့လည်း လူထုဟာ လေယာဉ်နဲ့ခရီးသွားဖို့ ဝန်လေးကြပါတယ်။ ဘာကြောင့်လဲဆိုတော့ လေယာဉ်ပျက်ကျမှာ စိုးရိမ်လို့ပါပဲ။ အလားတူပါပဲ လူထုဟာ အဏုမြူဓာတ်ပေါင်းဖိုရှိရာတစ်ဝိုက်မှာ နေရမှာ စိုးရိမ်ပူပန်ကြပါတယ်။

**စာမျက်နှာ ၁၉ သို့** ✻

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၅ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၀၉၀ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၅ | ၂၁၇၀ | ၂၁၈၅ | ၂၀၈၀ | ၂၀၉၀ | ၂၁၂၅ | ၂၁၂၅ | ၂၁၃၀ | ၂၃၄၅ | ၂၇၆၀ |
| 95 Ron | ၂၁၁၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၇၀ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၁၅ | ၂၈၅၀ |
| HSD (500 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၅ | ၂၆၀၅ | ၂၆၀၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၅ | ၂၅၄၅ | ၂၅၄၅ | ၂၇၆၅ | ၃၄၃၀ |
| HSD (50 ppm) | ၂၅၄၅ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၈၀ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၅ | ၂၅၉၅ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၅၀ | ၃၄၆၀ |
| HSD (10 ppm) | ၂၅၄၅ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၈၀ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၅ | ၂၅၉၅ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၅၀ | ၃၄၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၄ | ၂၀၁၆ |
| 95 Ron | ၂၀၁၂ | ၂၀၈၆ |
| HSD (500 ppm) | ၂၃၅၄ | ၂၄၃၁ |
| HSD (50 ppm) | ၂၄၂၉ | ၂၅၀၇ |
| HSD (10 ppm) | ၂၄၂၉ | ၂၅၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကျောင်းကုန်းမြို့၌ ဆောင်းသီးနှံနေကြာစီမံကိန်း တာဝန်ပေးအပ်ခြင်းနှင့် နေကြာမျိုးစေ့ပေးအပ်ပွဲ ကျင်းပ

ကျောင်းကုန်း အောက်တိုဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာယာခန်းမ၌ ဆောင်းသီးနှံနေကြာ စီမံကိန်း တာဝန်ပေးအပ်ခြင်းနှင့် နေကြာမျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ဧရာဝတီတိုင်း ဒေသကြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ကျောင်းကုန်းမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် နေကြာသီးနှံ သီးသန့်စိုက်ဧက ၆၁၃၉ ဧက၊ သီးညှပ် ၂၀၄၆ ဧက စုစုပေါင်း ၈၁၈၅ ဧက စိုက်ပျိုးရန် လျာထား ဆောင်ရွက်ထားရှိပြီးဖြစ်သဖြင့် လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ရေး အဖွဲ့ ရှစ်ဖွဲ့ဖြင့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ဌေးက နေကြာ စိုက်ပျိုးခြင်းနည်းစနစ်နှင့် နေကြာမျိုးစေ့ရရှိရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူး ဦးကျော်နိုင်ဝင်းက နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး အတွက် မြေနေရာလျာထားရှာဖွေဆောင်ရွက်ထားရှိမှုကို ရှင်းလင်း ပြောကြားပြီး ရပ်ကွက်/ကျေးရွာအုပ်စု စိုက်ပျိုးထုတ်လုပ်မှုတိုးတက် မြင့်မားရေးဥက္ကဋ္ဌများအား ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံနေကြာ စိုက်ပျိုးရန် တာဝန်ပေးအပ်လွှာနှင့် နေကြာမျိုးစေ့များကို တာဝန်ရှိသူ များက ပေးအပ်ခဲ့ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## မောင်တောမြို့၌ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

မောင်တော အောက်တိုဘာ ၁

ရခိုင်ပြည်နယ် မောင်တောမြို့၌ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မောင်တောခရိုင်ရဲတပ်ဖွဲ့မှူးရုံး မေယုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မောင်တောခရိုင်ရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကိုကိုလေးက (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့သို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်မှ ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားခဲ့သည်။

ထို့နောက် မောင်တောခရိုင်ရဲတပ်ဖွဲ့မှ ၂၀၂၂ ခုနှစ်အတွင်း မှုခင်းကိစ္စရပ်များတွင် စွမ်းစွမ်းတမံ ထူးချွန်စွာဖော်ထုတ်နိုင်ခဲ့သော ရဲတပ်ဖွဲ့ဝင်များအား ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက အမှုထမ်းကောင်း လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးခဲ့ပြီး (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် Video Clip ဖြင့် ပြသကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

✻ စာမျက်နှာ ၁၈ မှ

တကယ်တော့ လူထုဟာ ရေလွှမ်းမိုးတဲ့နေရာ သို့မဟုတ် ရေကာတာ ဆည်လှောင်ကန် သေးသေးလေးတစ်ဝိုက်မှာနေရတာကို စိုးရိမ်စိတ်မရှိကြပေဘူး။ တကယ်တော့ ဒီနေရာတွေမှာ နေရတာပိုပြီးအန္တရာယ်များတယ်ဆိုတာ မသိကြပေဘူး။


အခြားသောစိုးရွံ့ကြောက်လန့်စရာ အကြောင်းအရာတွေလည်း ရှိပါသေးတယ်။ အဲဒါကတော့ ဥပမာ မီဒီယာရဲ့ ပုံဖော်သတင်းလွှင့်မှုပဲ ဖြစ်ပါတယ်။ ကံမကောင်းအကြောင်းမလှတဲ့ လေယာဉ်ပျက်ကျမှုသတင်းကို ပုံကြီးချဲ့သတင်းထုတ်လွှင့်မှုတွေဟာ ခရီးသွားမယ့်လူထုကို ပိုချောက်ချားစေပါတယ်။ အန္တရာယ်ဖြစ်ပြီးနောက် လူထုရဲ့ စိုးရိမ်ပူပန်မှုလှိုင်းဂယက်ဟာပိုလှိုင်းထလာပါတော့တယ်။

အန္တရာယ်ရှိနိုင်ဖွယ်နဲ့ပတ်သက်ပြီး နိုင်ငံတကာအမြင်၊ မြန်မာလူထုအမြင်ကိုလည်း အလျဉ်းသင့်သလို တင်ပြချင်ပါတယ်။ လူတစ်ဦးချင်းရဲ့ အလေ့အကျင့်၊ အလေ့အထတွေဟာ ထိုသူအတွက်သာမက အခြားသူတွေကိုလည်း အန္တရာယ်ကြီးမားစေတဲ့ သဘောကြောင့် အန္တရာယ်ကြီးမားကြောင်း သိစေဖို့ ဥပမာ စီးကရက်သောက်တာဟာ ဥပဒေကြောင်းအရ စီးကရက်ဘူးတွေမှာ အန္တရာယ်ရှိတဲ့တံဆိပ် ခတ်နှိပ်ထားပါတယ်။ အလားတူ ဝိုင်ပုလင်းပေါ်မှာလည်း အသက်(၁၈)နှစ်အောက်လူငယ်များမသောက်ရ၊ ကိုယ်ဝန်ဆောင်မိခင်တွေ သောက်သုံးရန်မဟုတ်လို့ အန္တရာယ်ကင်းအောင် သတိပေးချက်တွေ တွေ့ရပါလိမ့်မယ်။ မူးရင်မမောင်းနဲ့၊ စက်ကိရိယာတွေနှိုးမယ်၊ မောင်းမယ်ဆိုရင် အရက်သေစာမသောက်ရဆိုတာကောင်းဖို့အတွက် တားမြစ်ချက်တွေပါပဲ။ လေထုညစ်ညမ်းမယ်၊ သောက်သုံးရေမှာ အဆိပ်အတောက်အညစ်အကြေးတွေ ရှိနေမယ်၊ ရာသီဥတုဟာ နှစ်ရှည်လများ ခြောက်သွေ့နေမယ်၊ သစ်တောတွေ နည်းသွားမယ်ဆိုရင်၊ သဲကန္တာရဟာ ကျယ်ပြောလာမယ်ဆိုရင် လူသတ္တဝါအပေါင်းရဲ့အသက်ဟာ အန္တရာယ်ရှိလာပါလိမ့်မယ်။

ကောင်းပါပြီ.. ဒီဆောင်းပါးကို ဒီလိုနိဂုံးချုပ်ချင်ပါတယ်။

မြန်မာတို့ဟာ စားသုံးဆီ၊ စက်သုံးဆီ၊ လောင်စာဆီ၊ လျှပ်စစ်အထိသုံးကြရာမှာ အန္တရာယ်နဲ့ အကျိုးဖြစ်ထွန်းမှု ဘယ်ဟာက အလေးသာသလဲဆိုတဲ့ အပေါ်မူတည်ပါတယ်။ အနာဂတ်မြန်မာတို့ ကျန်းမာရေးကောင်းဖို့နဲ့ ပတ်ဝန်းကျင်ကောင်းဖို့ စားသုံးဆီ၊ စက်သုံးဆီ၊ ချွေတာလိုက်ရင် ပြဿနာတွေဟာ ပြေလည်သွားမှာဖြစ်ပါတယ်။ ဘယ်ကိစ္စကိုမဆို ဉာဏ်နဲ့ယှဉ် ဆင်ခြင်ကြရမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါကြောင်း ရေရှည်မြော်တွေးကြံစည်စိတ်ကူးပြီး လူ့ဘဝသာယာဝပြောရေး ရှေးရှုနိုင်ကြဖို့ မေတ္တာဖြင့် ရေးသားလိုက်ရပါတယ်။ ။

ဝတ္ထုတို




**ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)**

(၁)

"ဒါကတော့ အမေ မတရားတာပဲ။ သေသေချာချာ စဉ်းစားပါဦးအမေရဲ့"

"ဟဲ့ ကြည်ပြာ ငါ ဘာမတရားတာလဲ။ ပြောစမ်းပါအေ့။ အားလုံး ညီတူညီမျှ ပေးတာပါအေ။ နင်တို့အမေ မုဆိုးမကြီး အတွက်လည်း ထည့်စဉ်းစားပါဦး"

"ဟာ အမေက ဘယ်သူနဲ့ လိုက်နေနေ ရနေတာပဲ။ အပိုတွေပြောနေသလိုပဲ။ ခုဟာက မတရားလွန်းလို့ ပြောနေတာ။ ကြည်ပြာ့လိုပဲ ကျွန်မလည်း မကျေနပ်ဘူး"

အမေနှင့်အပြိုင် မကျေနပ်မှုတွေ ချပြနေကြသော သမီးနှစ်ယောက်ကို ကြည့်၍ ဒေါ်စံပယ် သက်ပြင်းချရင်း ငေးကြည့်နေမိသည်။ သူတို့ပုံစံတွေက ခုချက်ချင်းဖြေရှင်းလို့မပေးရင် ပြန်မယ့်ပုံမပေါ်။ ဒါပေမယ့်လည်း ဘာမှမတတ်နိုင်။ အားလုံးက ရှေ့နေနဲ့တိုင်ပင်ပြီး လက်မှတ်ထိုးပေးရုံပဲရှိတော့သည်။

"ဒီအိမ်ကိစ္စကိုပဲ မကျေနပ်တာ အမေ"

"ဟုတ်တယ် မသူဇာ ကြည်ပြာလည်း ဒီကိစ္စကိုပဲ ပြောနေတာလေ"

"ဟဲ့ နင်တို့က ငါမသေသေးဘူး။ ဒီအိမ်ကြီးကိုပါ မျက်စောင်းထိုးချင်နေတာလား။ နင်တို့တွေ ကိုယ့်အိုးကိုယ့်အိမ်နဲ့ စီးပွားဖြစ်နေပြီပဲဟယ်။ ဒါလေးကိုတော့ လှည့်မကြည့်ပါနဲ့တော့အေ"

"မဖြစ်နိုင်ဘူး အမေ။ ကျွန်မကတော့ ခုရှုပ်မှ နောင်ရှင်းပဲ။ မျှမျှတတလိုချင်တယ်။ ကျွန်မတို့နဲ့လည်းဆိုင်တယ်။ အမေ တစ်ဦးတည်း လုပ်လို့မရဘူး"

"ဟုတ်တယ်အမေ။ သမီးတို့ အမေ့ရဲ့ အကြံကို လက်မခံနိုင်သလို၊ သဘောမတူနိုင်ဘူး"

"ဟဲ့နင်တို့တွေ လောဘကြီးလှချည်လားအေ။ ကိုယ့်ညီမလေးတစ်ယောက်ကို အနစ်နာခံပြီး ပေးလိုက်မယ်ဆိုတဲ့စိတ်ကူး မရှိဘူးလား။ နင်တို့တွေချို့တဲ့ပြီး အဆင်မပြေဘူးဆို ငါမပြောပါဘူးအေ။ ခုဟာက"

"အမလေး အမေရယ်။ ဒီအိမ်ဆောက်တုန်းက သမီး ဆွဲကြိုးနဲ့ နားကပ်ရောင်းပြီး ထည့်ထားတာပါ"

"တူတူပဲလေ မသူဇာ။ ကြည်ပြာက ငွေနှစ်သိန်းနဲ့ လက်စွပ်နှစ်ကွင်းလေ"

"ဟဲ့ အဲဒီလောက်လေးကို ပြောနေစရာလားဟယ်။ ခုဟာက နင်တို့ ညီမ အငယ်ဆုံးလေးကို ပေးမှာပါ။ သူစိမ်း မဟုတ်ပါဘူးအေ။ သူတို့မိသားစုက ဝန်ထမ်းဆိုတော့ နင်တို့လို စုမိဆောင်းမိဖို့ မလွယ်ဘူးလေ။ ဒါလေးတော့ နားလည်ပါအေ"

"အိုး လက်မခံနိုင်ဘူး။ သုံးယောက်ရှိ သုံးပုံပုံ။ အညီအမျှပဲ။ အမေထင်ရာလုပ်ရင်တော့ တရားရုံးက ရှင်းရမှာပဲ"

"ဟုတ်တယ် မသူဇာ တရားရုံးက ရှင်းမယ်"

ပြောချင်ရာပြောပြီး ဒေါသတွေနှင့် ထွက်သွားကြသော သမီးနှစ်ယောက်ကို ကြည့်၍ ဒေါ်စံပယ် မျက်ရည်တွေကျဆင်းလာသည်။ ခံစားရလွန်းလို့ ရင်ဘတ်လေးကိုဖိကာ အသက်ကိုဖြည်းဖြည်းရှူရင်း ညှော်ခန်းနံရံပေါ်က သမီးသုံးယောက်၏ ဘွဲ့ရဓာတ်ပုံကိုကြည့်ပြီး အားပါးတရ ငိုရှိုက်လိုက်မိသည်။

(၂)

ဒေါ်စံပယ်နှင့် ဦးဘမောင်တို့က ရိုးရိုးသာမန်ဈေးသည်များပင်။ လင်မယားနှစ်ယောက်လုံး အလယ်တန်းကျောင်းထွက်များမို့ သမီးသုံးယောက်လုံးကို ဘွဲ့ရပညာတတ်များဖြစ်အောင် ထားပေးခဲ့သည်။ သမီးသုံးယောက်လုံးကလည်း စာကြိုးစားသည်။ ကျောင်းအားရက် ရရာအလုပ်လုပ်၍ ကျောင်းဖိုးစုသည်။ ရပ်ကွက်ထဲက ဝက်ခေါက်ထုပ်၊ အချဉ်ပေါင်းထုပ် အကုန်လိုက်လုပ်သည်။ ငယ်ငယ်ကတည်းက အလုပ်တန်ဖိုးသိကြသူများမို့ အားတဲ့အချိန် ဝင်ငွေရအောင် အမြဲတမ်းရှာကြသည်။ သူတို့လင်မယားနှစ်ယောက်ရဲ့ ရပ်ကွက်ဈေးလေးထဲက အထည်ရောင်းလုပ်ငန်းလေးက မိသားစုစားဝတ်နေရေး အဆင်ပြေရုံသာရှိသည်။ မပိုလျှံပေ။

သမီးတွေက သူတို့လုပ်အားခလေးတွေနှင့် လက်ဝတ်လက်စားလေးတွေ စုဆောင်းပြီးဝယ်သည်။ လိုအပ်သလောက်လေးသာ သူတို့လင်မယားက ဖြည့်ပေးရသည်။ သုံးယောက်လုံး အလုပ်မပျင်းကြသလို စုဆောင်းတတ်သည့် အကျင့်လေးတွေက အားလုံးအားကျစရာဖြစ်ခဲ့သည်။ သမီးငယ် ဒုတိယနှစ်တက်နေချိန် လက်ရှိအိမ်လေးကို ခိုင်ခိုင်ခံ့ခံ့ ပျဉ်ထောင်၊ အုတ်ခံလေးဆောက်ဖြစ်ခဲ့သည်။ ရှိသည့်ပိုက်ဆံမလောက်၍ သမီးတွေ၏ လက်ဝတ်လက်စားလေးတွေပါ ထည့်လိုက်ရသည်။

ခု ဒေါ်စံပယ်အသက် ခြောက်ဆယ့်ငါး ကျော်ပြီ။ ဦးဘမောင်က မနှစ်က ဆုံးသွားပြီဖြစ်သည်။ ရပ်ကွက်ဈေးထဲက ဆိုင်ခန်းလေးကိုလည်း ငှားထားသည်။ အိမ်အောက်ထပ်ကိုလည်း အိမ်ငှားလေးထားထားတော့ သူ့အတွက် စားဝတ်နေရေး အဆင်ပြေသည်။ သားသမီးတွေ ကြည်ဖြူလို့ ထောက်ပံ့တာလေးကိုယူရင်း ဘဝကို အေးအေးဆေးဆေး ဖြတ်သန်းနေရသည်။ သမီးကြီးသူဇာက စားသောက်ဆိုင်ပိုင်ရှင်နှင့်ရ၍ စီးပွားရေးပြေလည်သည်။ သမီးလတ် ကြည်ပြာက လျှပ်စစ်ပစ္စည်းဆိုင် ဖွင့်ထားသည်။ အမျိုးသားကလည်း ကုမ္ပဏီဝန်ထမ်းမို့ ကိုယ့်အိုးကိုယ့်အိမ်နှင့် အဆင်ပြေနေကြပြီဖြစ်သည်။ သမီးငယ်လေး နီလာကတော့ မူလတန်းကျောင်းဆရာမ။ သူ့အမျိုးသားကလည်း အလယ်တန်းပြကျောင်းဆရာမို့ကလေးနှစ်ယောက်နှင့် စားလောက်ရုံပင်။ နယ်မှာ တာဝန်ကျနေသူများမို့ သူတို့သားသမီးနှစ်ယောက်ကို ဒေါ်စံပယ်ကပဲ ခေါ်ထားရသည်။ အသက်ကြီးအရွယ်မို့ အိမ်မှာအဖော်လည်းရသလို ပညာရေးလေးအတွက်လည်း အဆင်ပြေအောင် ခေါ်ထားရသည်။

လင်မယားနှစ်ယောက် တစ်လတစ်ခါ သူ့သားသမီးတွေအတွက် လိုအပ်တာ လာပို့ကြပေမယ့် မလုံလောက်ပေ။ ဒေါ်စံပယ်သာ လိုအပ်တာ ဖြည့်ဆည်းပေးရသည်။ ဘာမှအာမခံချက်မရှိတဲ့ သမီးငယ်လေးကို ဒီအိမ်လေးပေးလိုက်မယ်လို့ ကြားတာနှင့် ညီအစ်အမနှစ်ယောက်လုံး လာရောက် ရန်တွေ့နေကြခြင်းပင် ဖြစ်သည်။

(၃)

အကြောင်းစုံကို သိသွားတော့ သမီးငယ်လေး နီလာတစ်ယောက်စိတ်မကောင်း ဖြစ်နေတော့သည်။ သမက်ဖြစ်သူ ကျောင်းဆရာက အနေအေးသူမို့ ဘာမှဝင်မပြော။ သူ့အမျိုးသမီး စိတ်မကောင်းဖြစ်နေ၍သာ ချော့မော့နေတော့သည်။

"အမေရယ် ဘာလို့ အဲဒီလိုတွေလုပ်ရတာလဲ။ ခုတော့ သမီးတို့ ညီအစ်မတွေ စိတ်ဝမ်းကွဲရပြီလေ။

သမီး ဝမ်းနည်းတယ်အမေ။ မကြီးနဲ့ မလတ်က သမီးကို လမ်းမှာတွေ့တာတောင် မခေါ်တော့ဘူး"

ငိုပြီးပြောနေသော သမီးငယ်လေးကို ကြည့်၍ ဒေါ်စံပယ်ကိုယ်တိုင်လည်း မျက်ရည်ကျရသည်။ ဒါပေမယ့် သူမသေခင် သမီးငယ်လေးအတွက် စိတ်အေးချင်၍ ခုလို စီစဉ်ရခြင်းဖြစ်သည်။

"ဘာမှစိတ်မကောင်းမဖြစ်နဲ့ သမီး။ သူတို့အကြီးနှစ်ယောက်ကို ထိုက်သင့်တာတွေပေးပြီးသား။ ဈေးထဲက ဆိုင်ခန်းလေးကို သူတို့နှစ်ယောက်ခွဲယူပြောထားတယ်လေ။ ဒါလည်း မေမေမရှိတော့မှ ယူကြပါလို့ပြောထားတယ်။ သူတို့ပြေလည်နေတာပဲ သမီးရယ်"

"မဟုတ်သေးပါဘူး အမေရယ်။ သမီး မလိုချင်ဘူး။ ခုလို သမီးအပေါ် အထင်လွဲနေကြတဲ့ အစ်မတွေကို သမီးရှင်းပြချင်တယ်။ အမေ့ရဲ့ အစီအစဉ်ကို ဖျက်လိုက်ပါနော်အမေ။ သမီး အေးအေးဆေးဆေးပဲ နေချင်တယ်"

"ဟုတ်ပါတယ် အမေ၊ ကျွန်တော်နဲ့ မဆိုင်ပေမယ့် နီလာ ခုလိုစိတ်မကောင်းဖြစ်နေတာကြည့်ပြီး ကျွန်တော်မကြည့်ရက်ဘူး။ ကျွန်တော်တို့ ကိုယ့်ဂုဏ်၊ ကိုယ့်ဝင်ငွေနဲ့ မချမ်းသာတောင် သိက္ခာရှိရှိ နေနိုင်ပါတယ်ဗျာ။ ခုက ကျွန်တော်တို့ လင်မယားက အမေ့ကို အပိုင်ကပ်ပြီး မျက်ရည်ချူနေတာလို့ ပြောနေတာ ကျွန်တော်လည်း လိပ်ပြာမလုံဘူးဗျာ။ အမေ သေချာစဉ်းစားပါ"

ရိုးလွန်းလှပြီး လောဘနည်းကြသည့် သမီးငယ်နှင့် သမက်ကို ကြည့်၍ ဒေါ်စံပယ် ကြည်နူးစွာကြည့်ရင်း ကျလာသောမျက်ရည်တွေကို သုတ်လိုက်သည်။

"အမေ အတင်းအကျပ် စီစဉ်မယ်ဆို သမီးရဲ့ သားသမီးတွေလည်း ဒီမှာ မထားတော့ဘူးအမေ။

သမီးတာဝန်ကျတဲ့နေရာပဲ ခေါ်သွားတော့မယ်။ သားသမီးတွေ ထားထားတာတောင် သမီးတို့က အခွင့်အရေးတစ်ခု ပိုယူသလိုဖြစ်နေတာ။ ခုလိုမျိုးလုပ်ရပ်ကြီးက ပိုဆိုးသွားတာပေါ့ အမေရယ်။ သမီး ကိုယ့်လိပ်ပြာကိုယ်မလုံဘူး ဟင့် ဟင့်"

"သမီးရယ်"

ဒေါ်စံပယ် သမီးငယ်လေးကို ရင်ခွင်ထဲထည့်လိုက်ပြီး ရှေ့ဆက်ရမည့်အစီအစဉ်လေးကိုသာ တွေးလိုက်မိသည်။

(၄)

စိတ်ကျေနပ်မှုရသွားကြသော သမီးနှစ်ယောက်ကိုကြည့်၍ ဒေါ်စံပယ် ပြုံးမိသည်။

"အစကတည်းက အမေက မဟုတ်တာ။ သားသမီးသုံးယောက်လုံးရှိရင် သုံးယောက်လုံးပေးရမယ်။ သုံးယောက်လုံးဆိုင်တယ်လေ။ ဒါမှ သဘာဝကျမှာပေါ့။ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ ကြည်ပြာက မျှမျှတတဖြစ်ချင်တာပါ။ အိမ်က အမျိုးသားကတောင် အမေ့ကို အပြစ်မြင်နေတာနော်။ မတရားဘူးတဲ့ မင်းအမေ"

"ဟုတ်ပ မကြီးအမျိုးသားလည်း တူတူပဲလေ"

"အေးပါကွယ် အမေ သဘောထားသေးသိမ်သလို၊ မမျှတသလို ဖြစ်သွားတယ်ကွယ်။ သမီးတို့ အမျိုးသားတွေကို ပြောပြလိုက်ပါကွယ်"

ဒေါ်စံပယ် ရင်ဘတ်ထဲ အောင့်သွားပေမယ့် ဟန်ဆောင်ပြုံးရင်း စကားဆိုနေရသည်။

"မကြီးနဲ့ မလတ်ကိုလည်း နီလာ တောင်းပန်ပါတယ်။ ဒီကိစ္စ နီလာ ဘာမှ မသိရပါဘူး။ မေမေက နီလာတို့ အဆင်မပြေတာကိုကြည့်ပြီး သနားလို့ စီမံတာလို့ပဲ မြင်မိတယ်လေ။ အစ်မတို့ စိတ်ရှုပ်စရာ၊ အထင်မှားစရာတွေ ဖြစ်သွားရတာ ညီမ တောင်းပန်ပါတယ်"

"ရပါတယ်အေ။ ငါတို့က ဘာမှမဖြစ်ဘူး။ မျှမျှတတဖြစ်ရင် ကျေနပ်တယ်။ ခုတော့ စိတ်အေးရပြီလေ။"

"ဟုတ်ပ့ါ"

"ကဲ ဒီလိုဆိုလည်း သွားပြီနော်"

ရွှေတွေ၊ စိန်တွေ ညွတ်အောင်ဝတ်ထားပြီး ကိုယ်ပိုင်ကားကြီးတွေနှင့် ပြန်သွားကြသော သမီးနှစ်ယောက်ကို အံ့ဩစွာကြည့်ရင်း ဒေါ်စံပယ် ခေါင်းလေးရမ်းလိုက်မိသည်။

"ကဲ အမေ ခုမှပဲ သမီးလည်း စိတ်ချမ်းသာတော့တယ်။ ပြောရဦးမယ်။ အမေ့သမက်က အလယ်တန်းကျောင်းအုပ်ရာထူးတိုးပြီး နယ်ပြောင်းရမှာ။ သမီးလည်း အဲဒီကျောင်းမှာပဲ အလယ်တန်းပြရာထူးရတယ်။ သမီးတို့အတွက် ဘာမှမပူနဲ့။"

သမက်ကလည်း ဝမ်းသာအားရ "စာသင်နှစ်လည်း ကုန်တော့မှာဆိုတော့ သားနဲ့သမီးကို ကျွန်တော်တို့ပဲ ခေါ်ထားလိုက်တော့မယ်။ နယ်မြို့ဆိုပေမယ့် အထက်တန်းကျောင်းလည်းရှိတော့ အဆင်ပြေတယ်လေ"

"အမေပါလိုက်နေပါလား အမေ။ ဈေးထဲက ဆိုင်ခန်းလည်း သူများငှားထားတာပဲ။ အမေ့အိမ်က အိမ်ငှားတွေကလည်း စိတ်ချရပါတယ်။ အမေပျော်သလောက်နေ၊ တစ်သက်လုံးနေလည်းရတယ်"

"သမီးငယ်ရယ်"

(၅)

နှမ်းပါးသူအတွက်ကိုတော့ ဘယ်မိဘဖြစ်ဖြစ် ပို၍ပူမိသည်။ ပြေလည်သည့် သားသမီးတွေလို သူတို့ကိုလည်း တန်းတူရှိစေချင်သည့် အတ္တလေးတော့ နည်းနည်းပိုခဲ့မိသည်။ ရှိသည့်လူများတော့လည်း ပိုပိုပြီး လိုချင်တတ်တဲ့ လောဘရမ္မက်ကို ကိုယ့်သားသမီးတွေမှာပါ တွေ့လိုက်ရတော့ ဒေါ်စံပယ် သံဝေဂရသွားမိသည်။

အကျိုးအကြောင်း ချင့်ချိန်စဉ်းစားတတ်သည့် သမက်နှင့် သမီးကြောင့် ခုတော့ အရာအားလုံး ငြိမ်းအေးသွားလေပြီ။ ရုံးတွေရောက်ပြီး ဖြေရှင်းရမည့် အလုပ်တွေ မလုပ်ရတော့။ တကယ်တမ်း တွေးကြည့်တာနှင့်တင် ဒေါ်စံပယ် ကြောက်လည်း ကြောက်သလို ရှက်လည်း ရှက်မိသည်။ မရှိသူအတွက် အတ္တကြီးလိုက်မိသည်။ အေးချမ်းနေသည့် သူတို့မိသားစုလေး တဒင်္ဂအတွင်း စိတ်ဆင်းရဲစရာတွေနှင့် ကြုံလိုက်ရသည်။ မောင်နှမချင်း မခေါ်မပြောနိုင်ကြ။ အမေနှင့်တောင် တရားရင်ဆိုင်ကြဖို့ထိ အတွေးတွေဝင်လာခဲ့တာ ကြောက်ရွံ့တုန်လှုပ်မိသည်။ သမီးငယ်က လက်ခံလိုက်လျှင် ဖြစ်လာမယ့် အကျိုးဆက်သည် တွေးကြည့်တာနှင့်ပင် ကျောချမ်းစရာ ကောင်းလှပေသည်။

ခုတော့ ဒေါ်စံပယ် စိတ်ချမ်းသာသွားပြီ။ မြေးတွေနှင့်မခွဲနိုင်လို့ သမီးငယ်နှင့် လိုက်နေမည်။ ဆိုင်ခန်းငှားခလေးနှင့် အိမ်ခန်းငှားသုံးခန်းကတော့ သူ့အတွက် လိုအပ်သည့် အလှူအတန်းလေးအတွက် အဆင်ပြေသည်။ အမွေကိစ္စနှင့်ပတ်သက်ပြီး စကားမပြောတော့သည့် သမီးကြီးနှင့် သမီးလတ်ကို သူအပြစ်မမြင်ပေ။ ခွဲခြားဆက်ဆံလေခြင်းဆိုသည့် အတွေးတွေနှင့် ရှောင်နေကြတာဖြစ်မည်။ တစ်နေ့ သူတို့ နားလည်နိုင်မှာပါလို့ပဲ တွေးမိသည်။ သူမရှိတော့မှ ရှိသည့်ဟာ အညီအမျှခွဲကြပေလိမ့်မည်။ စိတ်ထဲကတော့ လောဘနည်းပြီး ရိုးအေးလွန်းလှသည့် သမီးငယ်လေးတို့ လင်မယားကိုသာ စိတ်ထဲဆုတွေ ပေးနေမိသည်။ ဒီလင်ဒီမယား ခလုတ်မထိ ဆူးမငြိကြပါစေနှင့်။ လျှောက်သောလမ်းတိုင်း အနှောင့်အယှက်ကင်းသမျှ ကင်းပါစေလို့ ဆုတောင်းပေးနေမိသည်။ သူတို့၏ လောဘနည်းမှုကြောင့် စိတ်ချမ်းသာစရာတွေ ကြုံတွေ့လာရသည်မဟုတ်ပါလား။

## ဘယ်ပန်းချီ ရေးလို့မမီ

ခြေထောက်တစ်ချောင်း
ထောက်နေဟန်
ထူးခြားပုံသဏ္ဌာန်၊
မြန်မာနိုင်ငံ မြေပုံညွှန်း
လူပုံဖြစ်ပေါ်ထွန်း။
အာရှကျွန်းစွယ် တစ်စိတ်မှာ
တည်နေရာရှိကာ၊
ဗုဒ္ဓဘာသာ သာကီမျိုး
ဂုဏ်ရည်တောက်ကြွယ်ဖြိုး။
စေတီပုထိုး ပေါပေသည်
ရွှေရောင်ဝင်းလက်တည်၊
သံဃဂုဏ်ရည် ကိုးကွယ်ထား
ကျောင်းကန်နှင့် ခံ့ညား။
ဆန်ရေစပါး သီးနှံစုံ
စိုက်ပျိုးမှုအဖုံဖုံ၊
စက်မှုထွက်ကုန် လွန်ဖွံ့ဖြိုး
ရှုခင်းသာတစ်မျိုး။
ရိုးမတောင်တန်း မှုန်ပြာရီ
ရှုမဆုံးနိုင်သည်၊
ဘယ်ပန်းချီဆေး ဘယ်သို့ရေး
မမီနိုင်ပါသေး။ ။

စန်းမြလှိုင်(သပြေမြေ)

---

## မြတ်ဆရာ

ပညာတတ်ဖို့ အမြဲသာ
သင်ကြားပို့ချလာ၊
ရိုသေစွာနှင့် ဦးထိပ်ထား
နေ့ညရှိခိုးသွား။
ဆရာ့စကား နားစိုက်ထောင်
ယဉ်ကျေးလိမ္မာအောင်၊
ဥပမာဆောင် ဆိုဆုံးမ
လိုက်နာမှတ်သားကြ။
ကလေးဘဝ တိုးတက်စေ
လမ်းမှန်ပို့ကြပေ၊
ပညာအမွေ ဖြန့်ဝေရင်း
ထုဆစ်လို့ပုံသွင်း။
ဉာဏ်ရည်ပွင့်လင်း ရဖို့ကွယ်
စာကိုသင်ကြတယ်၊
လောကအလယ် အားမာန်ဝင့်
အပြုံးပန်းတွေပွင့်။
တန်ဖိုးမြင့်ဖို့ ပျိုးထောင်လာ
ရင်နှင့်ရင်းလို့သာ၊
အနာဂတ်မှာ ပြည့်ရင်သွေး
အမြဲပန်းလို့မွှေး။ ။

မောင်လူစိုး

---

ဆောင်းပါး

# ပညာရည်တိုးတက်ဖို့ ဆရာအရည်အသွေးမြှင့်တင်စို့

## မြပုလဲ(တပ်ကုန်း)

လူ့လောက၌ ဆရာဟူသည် မြင့်မြတ်လှသော ပုဂ္ဂိုလ်အဖြစ် အနန္တောအနန္တငါးပါးတွင် ထည့်သွင်းခဲ့ကြသည်။ ထိုသို့ အာစရိယခံထိုက်သော ဆရာများ အနေဖြင့် တပည့်အရေးကိုမြော်တွေးကာ တပည့်ဘဝ တိုးတက်ကောင်းမွန်အောင် ကြိုးစားကျင့်ကြံသင့်ပေသည်။

ဆရာသည်သာ အခရာ၊ ပညာသည်သာရတနာ ဟူသော စကားရှိပါသည်။ ပညာရေးထွန်းပေါက်အောင်မြင်ရန် အဓိကပုဂ္ဂိုလ်မှာ ဆရာဖြစ်သည်။

ကဗျာဆရာသမိုင်းသုတေသီ သိန်းသန်းထွန်းက

**"ပညာသာလျှင် ကမ္ဘာကိုလွှမ်းမိုး**
**လူ့အကျိုးဆောင်ပါတဲ့**
**မဟာရတနာကွဲ့။**
**ဆရာသာလျှင် လူ့အလွှာပေါင်း**
**လူကောင်းဖြစ်အောင် ရှက်ဆောင်သောသူ**
**လူတကာတို့တွင်ကျေးဇူးရှင်။"**ဟု စပ်ဆိုခဲ့ပါသည်။

ပညာသည် ကမ္ဘာကိုလွှမ်းမိုးအောင် ဆောင်ရွက်နိုင်သည့် မဟာရတနာပင်ဖြစ်သည်။

ဆရာသည် လူပေါင်းများစွာထဲက လူအများကို လူကောင်းလူတော်ဖြစ်အောင် စွမ်းဆောင်နိုင်သူဖြစ်သည်။

### ပညာပြည့်ဝ နှလုံးလှရန် လိုအပ်

လောက၌ ဆရာသည် အလွန်အရေးကြီးကြောင်းကို တင်စား၍ ကုန်မည်မထင်ပါ။ ထိုဆရာများအား ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၉၇ ခုနှစ်မှစတင်ကာ နှစ်စဉ်အောက်တိုဘာ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ခဲ့ကြလေသည်။ မြန်မာနိုင်ငံတွင်လည်း ပညာရေးဝန်ကြီးဌာနက ဦးဆောင်ကာ ၂၀၀၂ ခုနှစ်မှစတင်၍ နှစ်စဉ်အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် ကျင်းပခဲ့ကြပါသည်။

ဆရာသည်တပည့်တို့ကို ကျောင်းစာသာမက ဗလငါးတန်ပြည့်ဝအောင်လည်း ဂရုစိုက်ကာသွန်သင်ပေးရပါသည်။ ဆရာ့ဘဝတွင် နာများစွာရှိသည့်အနက် အဓိကနှစ်နာမှာ ဝါသနာနှင့်စေတနာဖြစ်သည်။ ဝါသနာကိုအရင်းခံကာ စေတနာပေါင်းစပ်၍ ကြိုးစားသင်ကြားပေးရပါသည်။ ဆရာသည် ပညာပြည့်ဝရုံသာမက နှလုံးလှရန်လည်း အထူးလိုအပ်သည်။ အတတ်ပညာပြည့်ဝသလို အသိပညာပိုင်းဖြစ်သော ကိုယ်ကျင့်တရားကောင်းမွန်အောင်လည်း ကြိုးစားပေးရပါသည်။

ထို့ကြောင့်ဆရာ၏ နာများစွာထဲတွင် စံနမူနာသည်လည်း ကျောင်းသားအတုယူနိုင်ရန် အဓိကအချက်ပင်ဖြစ်သည်။ ဥပမာ-ဆရာက ငါးပါးသီလနှင့်ပြည့်စုံသူဆိုလျှင် တပည့်အားလုံး မပါဝင်တောင် ရာခိုင်နှုန်း အတော်များများ တိုးတက်ကောင်းမွန်လာပါလိမ့်မည်။

"ဆရာသင်ပြ ကျင့်သီလ၊ မှတ်ကြတို့တစ်တွေ" ဆိုသည့်အတိုင်း အကျင့်သီလပြည့်စုံစွာဖြင့် ဦးဆောင်မှုအောက်မှ တပည့်များသည် ထူးချွန်ထက်မြက်ကာ စာရိတ္တတန်ဖိုး တိုးတက်မြင့်မားလာမည်မှာ အသေချာပင်ဖြစ်သည်။ ဆရာသည် စာသင်ရုံမကလူကိုပါ ပြင်ပေးရပါသည်။ ထို့ကြောင့်စာသင်ကျောင်းများတွင် ယဉ်ကျေးလိမ္မာနှင့်ဆိုင်သော (၃၈)ဖြာ မင်္ဂလာဆိုသော ဘဝနေနည်းများကို သင်ကြားပေးလျက်ရှိပါသည်။ ထိုမှတစ်ဆင့် လူတော်လူကောင်းလေးများ ပေါ်ထွက်လာနိုင်ပါသည်။ ယနေ့လူငယ်များသည် နောင်တစ်ချိန် တိုင်းပြည်ခေါင်းဆောင်များ ဖြစ်လာနိုင်သည့်အတွက် ထူးချွန်ထက်မြက်ပြီး ကိုယ်ကျင့်တရားကောင်းမွန်နေရန် အထူးလိုအပ်ပါသည်။

ကျောင်းသားများအား လူတော်ဖြစ်စေရန် ပညာရေးကို အားပေးရပြီး လူကောင်းဖြစ်စေရန် ဘာသာရေးကိုလည်း အလေးပေးသင်ကြားပေးရပါသည်။ ဆရာသည် မိမိတို့၏တပည့်များအား သစ်ပင်နှင့် သတ္တဝါများကို ချစ်တတ်အောင်လည်း သင်ကြားပေးရပါသည်။ ဆရာသည် တပည့်ကိုပေးနိုင်ရန် အမြဲမပြတ်လေ့လာသင်ယူနေရသည်။ လေ့လာရှာဖွေကာ စုဆောင်းသိုမှီးထားမှ ပညာပြည့်ဝသော ဆရာတစ်ယောက်ဖြစ်လာနိုင်ပါသည်။

### ကျွမ်းကျင်တတ်မြောက်နေမှ

ဆရာက မိမိသင်ကြားရမည့် ဘာသာရပ်ကို ကျွမ်းကျင်တတ်မြောက်နေမှသာလျှင် ထိုဆရာ၏ သင်ကြားပြသမှုကို ခံယူနေရသော တပည့်သည် ပြည့်စုံစွာတတ်မြောက်နိုင်ပါလိမ့်မည်။

ဆရာ ဆရာမများက ကျောင်းစာသာမက ပြင်ပဗဟုသုတများလည်းရရှိအောင် အမြဲလေ့လာနေရပါမည်။ ဆရာသည် အချိန်ရလျှင် ရသလို စာအုပ်စာပေကို လေ့လာနေရပါမည်။ စာဖတ်သောသူသည် တိုးတက်၍ တိုးတက်သောသူများသည် စာဖတ်သူများဖြစ်သည်ဆိုသော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်၏စကားအတိုင်း စာပေကို အမြဲလေ့လာဖတ်ရှုသင့်ပါသည်။

ယနေ့ခေတ် မီဒီယာအများစုတွင်လည်း မိမိလေ့လာလျှင် လေ့လာသလောက် အကျိုးများစွာရရှိနိုင်၍ တပည့်ကို ပေးနိုင်ရန် များစွာလေ့လာသင်ယူနိုင်သော အခွင့်အလမ်းများရရှိနေပြီ ဖြစ်ပါသည်။

လေ့လာသင်ယူမှု အားနည်းလျှင် တပည့်လိုသမျှ မပေးနိုင်လျှင် ခေတ်နောက်ကျသော ဆရာ ဆရာမ ဖြစ်သွားနိုင်ပါသည်။ သင်ယူခြင်းသည် သင်ကြားခြင်းအတွက် အားဆေးကောင်းတစ်ခွက်ပင်ဖြစ်ပါသည်။

### ပြန်လည်မျှဝေ

ရေနေတစ်တောင်ဆိုသည့်အတိုင်း ရေတွင်းထဲမှရေသည် ခပ်သုံးလည်းတစ်တောင် မသုံးဘဲထားလျှင်လည်း တစ်တောင်ဖြစ်သည့်အတွက် ဆရာသည် မိမိလေ့လာရရှိထားသမျှ ပညာကို တပည့်တို့ထံ ပြန်လည်မျှဝေပေးနေရပါမည်။ ဆရာ ဆရာမများ အနေဖြင့် H.သုံးလုံးဖြည့်ထားဖို့လိုပါသည်။ Head စဉ်းစားတွေးခေါ်တတ်သော ဦးခေါင်းနှင့် Heart စိတ်ကောင်းရှိ၊ ကိုယ်ချင်းစာစိတ်ရှိသော နှလုံးသားတို့ဖြစ်ပါသည်။ ထို့နောက် Hand ဆိုသော သိထားတတ်ထားသည့်ပညာနှင့် ဆရာ့အတတ်ပညာပေါင်းစပ်ပြီး မျှဝေတတ်သောလက်တို့ပင် ဖြစ်သည်။ အထက်ပါ H သုံးလုံးကို ဆရာ ဆရာမများ ပိုင်ဆိုင်သွားပြီဆိုလျှင် ထိုဆရာနှင့် ထိတွေ့ခွင့်ရသော ကလေးများသည် လူကောင်းလူတော်များဖြစ်လာမည်မှာ အသေချာပင်ဖြစ်သည်။

ထို့ပြင် နိုင်ငံသားကောင်းပီသဖို့ တာဝန်ကို ကျေပွန်အောင်ထမ်းရပါမည်။ ကျောင်းသားကိုဆရာက ပံ့ပိုးပေးနိုင်သလို အုပ်စုများ ခွဲပေးလိုက်ခြင်းဖြင့် အားနည်းသော ကျောင်းသားကို ဉာဏ်ရည်မြင့်သည့် ကလေးက ဆွဲခေါ်သွားခြင်းသည်လည်း ဆရာ့ကို ကူညီရာရောက်ပါသည်။ တစ်ယောက်ဆွေးနွေးမှုကို လက်ခံနားထောင်ခြင်းတွင် ကိုယ်ကချည်းဆွေးနွေးခြင်းမျိုးမဟုတ်ဘဲ သူများကိုအလှည့်ပေးတာ သူငယ်ချင်းကို ဦးစားပေးခြင်းလည်း citizenship လုပ်နေခြင်းပင်ဖြစ်ပါသည်။

သင်ကြားမှု ထိရောက်အောင်မြင်နိုင်ရန် (ITPR) ဆိုသော ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများနှင့် ချိတ်ဆက်သင်ကြားပေးရပါမည်။ အတန်းဝင်ပြီး သင်ခန်းစာ မိတ်ဆက်ခြင်း၊ သင်ကြားမှုလုပ်ငန်း ပြုလုပ်ခြင်း၊ လက်တွေ့လေ့ကျင့်မှုများ ပြုလုပ်ပေးခြင်းနှင့် သင်ယူရရှိပြီးသော အသိပညာများကို ကျောင်းသားမည်မျှရှိသွားသည်ကိုသိရှိရန် ပြန်လည်သုံးသပ်ခြင်းတို့ပဲ ဖြစ်ပါသည်။

ဆရာကောင်းတို့တွင် အောက်ပါအချက်ခုနစ်ချက်နှင့် ပြည့်စုံနေရပါမည်။

၁။ အကျင့်သီလနှင့် ပြည့်စုံပြီး ချစ်မြတ်နိုးဖွယ်ရှိရမည်။
၂။ သမာဓိနှင့် ပြည့်စုံပြီး အလေးဂရုပြုဖွယ်ဖြစ်ရမည်။
၃။ ပညာနှင့်ပြည့်စုံပြီး ချီးမွမ်းဖွယ်ရာ ဖြစ်ရမည်။
၄။ တပည့်များ မသင့်လျော်သည်ကို တွေ့လျှင် လျစ်လျူမရှုဘဲပြောဆိုဆုံးမနိုင်ရမည်။
၅။ သူတစ်ပါး၏ ပြစ်တင်ပြောဆိုမှုမှန်သမျှကို သည်းခံနိုင်ရမည်။
၆။ နက်နဲသော တရားစကားကို ပြောဆိုနိုင်ရမည်။
၇။ တပည့်များနှင့်မသင့်လျော်သောအရာများကို ခိုင်းစေခြင်းမပြုရ။

ဆရာကောင်းတို့၏ ဂုဏ်အင်္ဂါများနှင့်ပြည့်စုံသော ဆရာများအား လေးစားစွာဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၅ ရက် ကမ္ဘာ့ဆရာများနေ့အတွက် ဂုဏ်ပြုရေးသားလိုက်ရပါသည်။

တပည့်ကို ဆရာထက်တော်အောင် မွေးထုတ်ပေးနိုင်သော ပညာရှင်များဖြစ်နိုင်ကြပါစေ။ ။

x x x x x

---

## ထူးမြတ်ဂုဏ်မြဲ ဝါကျွတ်ပွဲ

ကောက်ပင်ပျို စိမ်းမြမြ
ယိမ်းကနွဲ့ တူရာသီ။
ကြာငါးမည် စန်းနက္ခတ်
အဿဝဏီ။
ချိန်ခွင်ရုပ် ကုန်သည်မည်
တာရာညီ ကျီးတည်ထား။
အဘိဓမ္မာ မြတ်တရားကို
ဟောနတ်သိကြား။
ဆပ်ကာလေ ရှေးဦးထား
ကျေးဇူးများ မိမာတာ။
မြန်းကြွရာ အပြန်လမ်းက
စောင်းတန်းသုံးဖြာ။
သိကြားနှင့် နတ်ဗြဟ္မာ
ထပ်သဒ္ဒါ ခါခါပွား။
ရွှေနှင့်ငွေ ပတ္တမြားနဲ့
ဦးချဝပ်တွား။
မီးမြင်းမိုရ် ထိုထိုများနဲ့
ကြည်ညိုထား တုပ်ကွစွာ။
ကျောင်းကန်မှာ သီလမြဲလို့
ပြုတဲ့ဒါနာ။
ဘိုးဘွား အမိ ဖပိတာ
ဖျည်ညာ ဆရာပဲ။
ဝန္ဒနာ မွန်စွာမြတ်တဲ့
ဆည်းကပ်မစဲ။ ။

မောင်မြတ်သာ(အမြင့် - ချောင်းဦး)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၄၀၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၇၃ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၄၀၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၇၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၅၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၈၁,၄၆၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၃,၆၃၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၈၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၈,၃၁၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် COVID-19 ရောဂါဖြင့် သေဆုံးသူ (၂) ဦး ရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၆၁) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါအခံ တစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာ လျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါအခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၂၃၂၃၅၃ | ၉၅၀၄၂၁၁၆ | ၁၀၈၄၈၀၃ |
| ၂။ | အိန္ဒိယ | ၄၄၅၉၁၁၁၂ | ၄၄၀၂၄၁၆၄ | ၅၂၈၆၅၅ |
| ၃။ | ပြင်သစ် | ၃၅၃၉၁၂၁၁ | ၃၄၅၄၆၅၉၈ | ၁၅၅၁၁၂ |
| ၄။ | ဘရာဇီး | ၃၄၇၁၅၁၄၉ | ၃၃၈၅၃၆၉၃ | ၆၈၆၀၉၇ |
| ၅။ | ဂျာမနီ | ၃၃၃၈၆၂၂၉ | ၃၂၃၂၇၂၀၀ | ၁၅၀၀၆၄ |
| ၆။ | တောင်ကိုရီးယား | ၂၄၇၉၆၀၁၄ | ၂၄၀၇၀၇၂၈ | ၂၈၄၄၅ |
| ၇။ | ဗြိတိန် | ၂၃၆၇၂၈၅၅ | ၂၃၃၅၁၃၁၆ | ၁၉၀၃၁၇ |
| ၈။ | အီတလီ | ၂၂၄၆၇၂၇၈ | ၂၁၈၄၈၂၄၂ | ၁၇၇၀၉၂ |
| ၉။ | ဂျပန် | ၂၁၃၀၁၂၈၀ | ၂၀၃၉၃၈၉၃ | ၄၄၈၉၄ |
| ၁၀။ | ရုရှား | ၂၁၀၁၈၉၄၂ | ၂၀၀၉၃၆၁၆ | ၃၈၇၃၇၂ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၈၀၀၂၈ | ၁၀၅၉၂၅၉၂ | ၄၃၁၄၉ |
| ၂။ | အင်ဒိုနီးရှား | ၆၄၃၃၂၆၃ | ၆၂၅၇၄၄၄ | ၁၅၈၁၂၂ |
| ၃။ | မလေးရှား | ၄၈၄၀၈၇၉ | ၄၇၇၈၇၃၆ | ၃၆၃၇၄ |
| ၄။ | ထိုင်း | ၄၆၈၂၁၃၂ | ၄၆၄၂၈၉၄ | ၃၂၇၇၁ |
| ၅။ | ဖိလစ်ပိုင် | ၃၉၅၁၇၆၆ | ၃၈၅၉၂၆၀ | ၆၂၉၈၁ |
| ၆။ | စင်ကာပူ | ၁၉၀၇၉၀၇ | ၁၈၂၅၁၁၅ | ၁၆၁၈ |
| ၇။ | မြန်မာ | ၆၂၃၆၃၉ | ၅၉၈၃၁၁ | ၁၉၄၆၁ |
| ၈။ | ဘရူနိုင်း | ၂၂၇၇၅၆ | ၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၈၆၀ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၈၇၇ | ၁၃၄၇၅၀ | ၃၀၅၆ |

## အင်းကောက်ကျေးရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေး

အင်္ဂပူ အောက်တိုဘာ ၁

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ရပ်ရွာအေးချမ်းသာယာရေး၊ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီးငါးကြောင်းဖြင့် ပြည်သူလူထုတွေ့ဆုံပွဲကိုယမန်နေ့ မွန်းလွဲက အိုးကွဲအုပ်စု အင်းကောက်ကျေးရွာဘုန်းကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် အင်္ဂပူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်လှိုင်က နယ်မြေလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများမှ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးနေမှုများ၊ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ၊ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ၊ ဆီထွက်သီးနှံနွေကြာစိုက်ပျိုးရေး စသည်တို့ကို မိမိတို့ကဏ္ဍအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့်အဖွဲ့ဝင်များက လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ပြောကြားခဲ့သည်။



ထို့နောက်ဒေသခံပြည်သူများ တင်ပြသည့် လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

## ဝါးခယ်မမြို့နယ်၌ သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများပေးအပ်

ဝါးခယ်မ အောက်တိုဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွက် အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းသို့ထောက်ပံ့ပေးအပ်ရာတွင် ဝါးခယ်မမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စု ၁၄၅ အုပ်စုမှ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် သက်ကြီးဘိုးဘွား ၉၃၈ ဦးအတွက် စုစုပေါင်းငွေကျပ် ၂၈၁၄၀၀၀၀ ကို တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဘိုးဘွားများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



## ပြည်သူလူထု၏ လေးစားယုံကြည်မှုပိုမိုရရှိစေရန် ရဲတပ်ဖွဲ့ဝင်များသည် အဂတိတရားကင်းရှင်း

**မြစ်ကြီးနား အောက်တိုဘာ ၁**

ပြည်သူလူထု၏လေးစားယုံကြည်မှုပိုမိုရရှိစေရန် တပ်ဖွဲ့ဝင်များသည် အဂတိတရားကင်းရှင်းကြရမည့် အပြင် တပ်ဖွဲ့က ချမှတ်ထားသည့် ရဲစည်းကမ်း၊ ရဲကျင့်ဝတ်များကိုလည်း လိုက်နာစောင့်ထိန်းပြီး လူမှုအဖွဲ့အစည်းတစ်ရပ်လုံးကိုလည်း ဥပဒေနှင့်အညီ လုံခြုံအောင် အကာအကွယ်ပေးစောင့်ရှောက်သွားရန် ယနေ့နံနက် ၉ နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၅၈) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြောကြားသည်။

**အဖွဲ့အစည်းကောင်း**

ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်ဆိုသည့် မျှော်မှန်းချက်များနှင့်အညီ အဖွဲ့အစည်းကောင်းတစ်ခု၏ အနှစ်သာရဖြစ်သည့် စိတ်ဓာတ်ကောင်းမွန်ရန်၊ စွမ်းရည်ပြည့်ဝရန်ဆိုသည်ကို တပ်ဖွဲ့ဝင်တစ်ဦးချင်းစီက စဉ်ဆက်မပြတ် ဆက်လက်ခံယူ လေ့ကျင့်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးဦးတို့က ရဲဗလဆုရရှိခဲ့သည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထမ်းအမှတ် ဗီဒီယိုကလစ်ကို ကြည့်ရှုသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကချင်ပြည်နယ်ရဲတပ်ဖွဲ့၏ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်လေးရပ် အပေါ် ဆောင်ရွက်ချက်များနှင့် ခင်းကျင်းပြထားသည့် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းပြီး ဘေးကင်းလုံခြုံမှုရှိသည့် လူ့အဖွဲ့အစည်းထူထောင်သည့်နေရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်

**လွိုင်ကော် အောက်တိုဘာ ၁**


မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းပြီး ဘေးကင်းလုံခြုံမှုရှိသည့် လူ့အဖွဲ့အစည်းထူထောင်သည့်နေရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်၍ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပသည့် (၅၈) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြောကြားသည်။

**ဥပဒေနဲ့အညီ ကာကွယ်စောင့်ရှောက်**

ကယားပြည်နယ် ဝန်ကြီးချုပ်က ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်လာစေရန် ချမှတ်ထားသော စည်းကမ်းနှင့် ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းပြီး လူ့အဖွဲ့အစည်း တစ်ရပ်လုံးကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူအပေါ် သစ္စာစောင့်သိပြီး ပြည်သူ့အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့များ၊ နယ်မြေခံပြည်သူများနှင့် ကဏ္ဍပေါင်းစုံတွင် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများက ရဲတပ်ဖွဲ့ဝင်များ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ငွေကျပ် သိန်း ၁၀၀၊ အကြမ်းဖက်သောင်းကျန်းသူများအား ရှုပ်ရှုပ်ချုံချုံ ကာကွယ်တိုက်ခိုက်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ချီးမြှင့်သော ရဲသူရဘွဲ့တံဆိပ်ဆုနှင့် ရဲဗလဘွဲ့တံဆိပ်ဆုများရရှိသည့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကယားပြည်နယ်ရဲတပ်ဖွဲ့က ခင်းကျင်းပြသထားသည့် (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**






## တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူလူထုနှင့် အစဉ်ပူးပေါင်းဆောင်ရွက်

**တောင်ကြီး အောက်တိုဘာ ၁**

(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

**ချီးကျူးဂုဏ်ပြု**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသား တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ အခွင့်အရေးနှင့် လုံခြုံရေးများကို ပြည့်ပြည့်ဝဝခံစားခွင့်ရနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည့်အချိန်တွင် တရားဥပဒေစိုးမိုးရေးသည် အဓိကကျသောအခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် ရဲတပ်ဖွဲ့ဝင်အားလုံးက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာပြီး တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူလူထုနှင့် အစဉ်ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ယခုနှစ်အတွင်း ရှမ်းပြည်နယ်အတွင်း၌ နယ်မြေခံတပ်၊ မူးယစ်တပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့များနှင့်ပူးပေါင်း၍ အကြမ်းဖက်အဖွဲ့များ၊ လက်နက်ခဲယမ်းများ၊ မော်တော်ယာဉ်များ၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်ကို ချီးကျူးဂုဏ်ပြုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက လုပ်ငန်းစွမ်းရည်ဂုဏ်ပြုလွှာနှင့် စွမ်းရည်သတ္တိဆိုင်ရာဘွဲ့တံဆိပ်များကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြကြောင်းသိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

## ကိုယ်ရည်ကိုယ်သွေးပြည့်ဝသော တပ်ဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ဂုဏ်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မြှင့်တင်

**ထားဝယ် အောက်တိုဘာ ၁**

တိုင်းဒေသကြီး ရဲတပ်ဖွဲ့ အနေဖြင့် ပြည်သူလူထုက လေးစားပြီး ကိုယ်ရည်ကိုယ်သွေးပြည့်ဝသော တပ်ဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ဂုဏ်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မြှင့်တင်နိုင်အောင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ယနေ့နံနက် ၉ နာရီခွဲက ထားဝယ်မြို့တော်ခန်းမ၌ကျင်းပသည့် (၅၈) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်ကျင့်တရား၊ လုပ်ငန်းစွမ်းရည်များ ပြည့်ဝနေ စေရန်အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ပြီး ပြည်တွင်း လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးဆိုသည့် ရည်မှန်းချက်တာဝန်လေးရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေသော တပ်ဖွဲ့ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ရဲသူရတံဆိပ်နှင့် ရဲဗလတံဆိပ်ရရှိသူများအား ဆုများပေးအပ်ခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ရန်ကုန်မြို့ဆိပ်ကမ်းတွင် အောက်တိုဘာလအတွင်း နိုင်ငံတကာကုန်သေတ္တာတင်သင်္ဘော အစင်း ၅၀ ဆိုက်ကပ်ပြေးဆွဲမည်

**ရန်ကုန် အောက်တိုဘာ ၁**

နိုင်ငံတော်မှ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရန်၊ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန်နှင့် ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များမြန်ဆန်စွာတင်သွင်းနိုင်ရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကြီးကြပ်စီမံပံ့ပိုးမှုဖြင့် ကုန်သေတ္တာဆိပ်ကမ်းများ၊ သင်္ဘောလိုင်းများနှင့် သွင်းကုန်/ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလတွင် ရန်ကုန်မြို့ဆိပ်ကမ်းငါးခုနှင့် သီလဝါဆိပ်ကမ်းနှစ်ခုတို့၌ ကုန်သေတ္တာတင်သင်္ဘောလိုင်း ၁၃ လိုင်းမှ နိုင်ငံတကာကုန်သေတ္တာတင်သင်္ဘောအစင်း ၅၀ ဆိုက်ကပ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။




ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများတွင် Export Cargo နှင့် Import Cargo နှစ်ပိုင်းဖြင့် ဆောင်ရွက်လျက်ရှိရာ Export Cargo ကဏ္ဍ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လိုအပ်သောစာရွက်စာတမ်းဖြင့် ဝင်ခွင့်ပြုလျက် အကောက်ခွန်ဦးစီးဌာနမှ စစ်ဆေးပြီးနောက် ကုန်ပစ္စည်းတင်ပို့မှုကို စီမံဆောင်ရွက်လျက်ရှိပြီး Import Cargo ကဏ္ဍတွင် ကုန်သင်္ဘောမှ ချသော ကုန်သေတ္တာများကို ယာယီစုပုံ၍ Customer များကိုယ်တိုင် စာရွက်စာတမ်းဖြင့် အခွန်အခပေးဆောင်ကာ ကုန်သေတ္တာများကို မြန်ဆန်စွာ ထုတ်ယူနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးထွက်ကုန်များ၊ အထည်အလိပ်ကုန်ချောများ၊ စက်မှုဇုန် ထုတ်ကုန်ချောပစ္စည်းများနှင့် အခြားထွက်ကုန်များကို ရေကြောင်းမှ ပို့ဆောင်ရာ၌ ဆိပ်ကမ်းအဝင်/အထွက် မြန်ဆန်စွာ တင်သွင်း/ပို့ဆောင်နိုင်ရေး ဆောင်ရွက်ပေးမှုဖြင့် နိုင်ငံ၏ စီးပွားရေးယန္တရားလည်ပတ်မှုကို အထောက်အပံ့ဖြစ်စေလျက်ရှိသည်။

**အဆင်ပြေချောမွေ့**

နိုင်ငံတကာရေကြောင်း ကုန်စည်ပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် နိုင်ငံတော်မှဖြည့်ဆည်းဆောင်ရွက်ပေးမှုဖြင့် ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရေထွက်ကုန်၊ အထည်အလိပ်ကုန်ချောတင်ပို့မှုနှင့် စိုက်ပျိုးရေးထွက်ကုန်များ ရေကြောင်းမှတင်ပို့မှု အဆင်ပြေချောမွေ့ခဲ့ပြီး အောက်တိုဘာလတွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်ရုံလုပ်ငန်းရှင်များ ပို့ကုန်/သွင်းကုန်ကဏ္ဍ အဆင်ပြေချောမွေ့စေရန် ကုန်သေတ္တာတင် သင်္ဘောအစင်း ၅၀ ဆိုက်ကပ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ – ကနူး**

# ၂၀၂၂ ခုနှစ် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလ (၃-၇)ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာလ (၈-၁၂)ရက်နေ့အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်းရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်းရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၄ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းအတွင်းရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၂ မီလီမီတာမှ ၃၁ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၃၂ မီလီမီတာမှ ၄၁ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၄၂ မီလီမီတာမှ ၅၂ မီလီမီတာအတွင်းရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (စိုစွတ်)အခြေအနေနှင့် မန္တလေးတိုင်းဒေသကြီးတွင် (ခြောက်သွေ့)အခြေအနေရှိနိုင်သည်။

**မိုး/ဇလ**

# MNL ပြိုင်ပွဲတွင် ဇယားထိပ်ဆုံးမှ ရှမ်းယူနိုက်တက် သရေကျ

**ရန်ကုန် အောက်တိုဘာ ၁**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄)ပထမနေ့ကို အောက်တိုဘာ ၁ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်း တစ်ဂိုးစီသရေကျခဲ့သည်။

ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲဆက် သရေကျခဲ့ခြင်းဖြစ်ပြီး ယခုပွဲသရေရလဒ်ကြောင့် အမှတ်ကွာဟမှု ကျဉ်းမြောင်းသွားဖွယ်ရှိနေသည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ မိနစ် ၂၀ တွင် ရတနာပုံအသင်း ဂိုးစတင်ရရှိခဲ့ပြီး အသင်းခေါင်းဆောင် သက်နိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်း ဂိုးပေးလိုက်ရသဖြင့် တိုက်စစ်မြင့်လာပြီး ငါးမိနစ်အကြာတွင် ဇင်မင်းထွန်းက ချေပဂိုး ပြန်သွင်းခဲ့သည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၂ ပွဲကစား ရမှတ် ၃၀၊ ရတနာပုံအသင်းက ၁၂ ပွဲကစား ရမှတ် ၁၈ မှတ် ရရှိထားသည်။

**ကိုညီလေး**

**○ စပါးအသင်းမှ**

အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် မိနစ် ၂၀ မှာ ပါတေး၊ ၄၉ မိနစ်မှာ ဂါဘရီယယ်ဂျီးဆပ်၊ ၆၇ မိနစ်မှာ ဇာကာတို့က တစ်ဂိုးစီသွင်းယူပေးခဲ့တာဖြစ်ပြီး စပါးအသင်းအတွက် ချေပဂိုး တစ်ဂိုးကိုတော့ ပွဲကစားချိန် ၃၁ မိနစ်မှာ တိုက်စစ်မှူး ဟယ်ရီကိန်းက ပင်နယ်တီက နေတစ်ဆင့် သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စပါးအသင်းဟာ ချေပဂိုးပြန်လည်ရရှိဖို့ ကြိုးစားရင်း ပွဲကစားချိန် ၆၂ မိနစ်မှာ အီမာဆန်ရွိုင်ရယ် တိုက်ရိုက်အနီကတ်ပြသခံခဲ့ရပါတယ်။ တစ်ယောက်လျော့နဲ့ကစားခဲ့ရတာကြောင့်လည်း အာဆင်နယ်အသင်း တတိယမြောက် သွင်းဂိုးရရှိခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ စပါးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်ရှစ်ပွဲ ကစားပြီးချိန်မှာ ရမှတ် ၂၁ မှတ်နဲ့ အမှတ်ပေးဇယားထိပ်မှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ပြီး စပါးအသင်းကတော့ ပရီမီယာလိဂ်ရှစ်ပွဲကစားပြီးချိန်မှာ ရမှတ် ၁၇ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ရပ်တည်လျက်ရှိတာဖြစ်ပါတယ်။

**ငွေကြယ်**

# မြဝတီမြို့၌ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**မြဝတီ အောက်တိုဘာ ၁**

ကရင်ပြည်နယ် မြဝတီမြို့၌ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မြဝတီခရိုင်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒုတိယခရိုင်ရဲမှူး ရဲမှူးအောင်မျိုးလွင်က ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ဗိုလ်ချုပ်ဇင်မင်းထက်ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားသည်။ ထို့နောက် သေနတ်ပစ်ပထမဆုရရှိသော သဃ်န်းညီနောင် နယ်မြေရဲစခန်းမှ ရဲတပ်ကြပ်စိုးဇော်ဦး၊ အကြပ်ငယ်သင်တန်း၌ ခြေမှုန်းရေးတပ်စိတ်(ပထမ)ဆုရရှိသော မြဝတီမြို့မရဲစခန်းမှ ရဲဒုတပ်ကြပ်အောင်မိုးမင်းနှင့် နေအိမ်လိုင်းခန်းသန့်ရှင်းရေး အကောင်းဆုံး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါအခမ်းအနားကို ဒုတိယခရိုင် ရဲမှူးအောင်မျိုးလွင်၊ ခရိုင်လုံခြုံရေးတပ်ခွဲမှူး ရဲမှူးခင်မောင်ကြည်၊ မြို့နယ်ယာယီ ရဲမှူးအောင်နိုင်ဦးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# အဘိဓမ္မာဒေသနာ ရက်ပေါင်း(၉၀)ကြာ

မြဝင်း (ဓမ္မာစရိယ ဥပဒေ)



ဓမ္မသာမိ၊ မာရဇိဟု၊ သာကီဦးသျှောင်၊ ငါးမာရ်အောင်မြင်ဘုရားရှင်သည် ဓမ္မိဿရ ထွတ်ဖျား၊ ဘုရားဖြစ်တော်မူသည်မှ ခုနစ်ဝါမြောက်သောနှစ်တွင် တာဝတိံသာ နန်းသိင်္ဂါဝယ် ဣန္ဒာသန ဓမ္မပလ္လင် ကသစ်ပင်အောက် ဘုန်းရှိန်ဆောက်သား မြကျောက်နှလ္ဖာ ပဏ္ဍုကမ္ဗလာ၌ စက္ကဝါပေါင်း တိုက်တစ်သောင်းမှ ခညောင်းရောက်လာကြကုန်သော မယ်တော်ဖြစ်ခဲ့ဖူးသည့် သန္တုဿိတ နတ်သားအမျိုးရှိသော နတ်ဗြဟ္မာတို့အား ဘဝသုံးခင်း နှောင်အိမ်တွင်းမှ ကျော်နင်းလွတ်မြောက်ကြပါစေခြင်းအကျိုးငှာ ဂမ္ဘီရာနည်းစုံပြွမ်းသည့် နက်နဲကျယ်ဝှမ်း အဘိဓမ္မာခုနစ်ကျမ်းတည်းဟူသော တရားတော်ကို လူတို့၏ သတ်မှတ်ချက် ချိန်တာကာလအားဖြင့် ဝါတွင်းသုံးလ (ရက်ပေါင်း ၉၀) ကာလပတ်လုံး အကျယ်အားဖြင့် ဟောကြားတော်မူခဲ့ပါသည်။ (တာဝတိံသာနတ်တို့၏ သတ်မှတ်ချက်ချိန်တာ ကာလအားဖြင့် မိနစ်ပိုင်းမျှသာရှိကြောင်း ပဋ္ဌာန်းအရကောက်ကျမ်းတွင် ဖွင့်ဆိုဖော်ပြထားပါသည်။)

ထို့ပြင် သီတင်းကျွတ်လပြည့်နေ့၌ စန္ဒကူးနံ့သာတောဝယ် လက်ယာတော်ရံ အရှင်သာရိပုတ္တရာအား အကျဉ်းသခေ်ပနည်းဖြင့် ဟောကြားတော်မူခဲ့ပါသည်။

ထိုသီတင်းကျွတ်လပြည့်နေ့၌ပင် လက်ယာတော်ရံ အရှင်သာရိပုတ္တရာအရှင်မြတ်က လင်းနို့သားဖြစ်ခဲ့ဖူးသော တပည့်ရဟန်းငါးရာတို့အား မကျဉ်းမကျယ်ဟောကြားတော်မူခဲ့ပါသည်။

ဤအဘိဓမ္မာတွင်ခေါ် ပိဋကတ်တော်ကြီးသည် သုတ္တန်နှင့် ဝိနယတို့လို အကျဉ်းမျှမဟုတ်ဘဲ အစိတ်စိတ်နည်းအမြွာမြွာတို့ဖြင့် ဝိတ္ထာရာဝိတ္ထာရ ဟောကြားတော်မူသော လောကုတ္တရာတရားတော်မြတ်ဖြစ်ပါပေ၏။ ဓမ္မသဘော ဟောသင့်သမျှ မခြွင်းချန်ဘဲ ကဲလွန်စွာဟောကြားအပ်သော တရားတော်မြတ်လည်းဖြစ်ပါပေ၏။ သုတ္တန်ဝိနည်းတရားတော်တို့ထက် ဝိသေသဆန်းပြားသော တရားတော်မြတ်လည်းဖြစ်ပါပေ၏။ ရွှတ်ဖတ်နာခံကျင့်ကြံသသူ နတ်နှင့် လူတို့အား ပဋိသမ္ဘိဒါ သညာထင်ရှားဉာဏ်လေးပါးနှင့်တကွ များပြားဥဿုံသမ္ပတ္တိကျေးဇူးဂုဏ်ကို အစဉ်ပင်ပေးတတ်ပါပေ၏။

### ဓမ္မသင်္ဂဏီကျမ်း

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် အဘိဓမ္မာခုနစ်ကျမ်းအနက် ဓမ္မသင်္ဂဏီကျမ်းကို လူတို့၏ သတ်မှတ်ချက်ချိန်တာကာလအားဖြင့် ၁၂ ရက်ကြာ ဟောကြားတော်မူခဲ့ပါသည်။ ထိုဓမ္မသင်္ဂဏီ အမည်သာဆန်း ပထမအဘိဓမ္မာကျမ်းကို အနဝဇ္ဇ သာဝဇ္ဇက စသည်ပြောထူသဘောချင်းတူကြကုန်သော ကုသိုလ်၊ အကုသိုလ် ထိုထိုများတောင်း တရားအပေါင်းတို့ကို တိကဗာဝိသာဒုက်တစ်ရာတို့ဖြင့် အကျယ်တစ်ရပ် အလတ်တစ်ထုံး အကျဉ်းဆုံးဟု သုံးတန်ဆင့်ပွား နည်းအပြားတို့ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

### ဝိဘင်းအဘိဓမ္မာကျမ်း

ဝိဘင်းခေါ်မှန်း ဒုတိယအဘိဓမ္မာကျမ်းကို ၁၂ ရက်ကြာ ဟောကြားတော်မူခဲ့ပါသည်။ ဝိဘင်းတွင်ခေါ် ဤတရားတော်မြတ်ကြီးသည် ဤကိုယ်ကာယတစ်လံမျှဝယ် ဓမ္မရုပ်နာမ် ဖြစ်ချုပ်မှန်၏။ ရုပ်နမ်နှစ်ပါး ချန်လှပ်ထား၍ ဤကားလိပ်ပြာ၊ ဤကားငါဟု ဆံလွှာမြူမျှရှာမရသား ဓမ္မဝဝတ္ထာန် အမြင်မှန်ကို တစ်ရံမနေး အသိပညာပေးတတ်ပါသော တရားတော်မြတ်ဖြစ်ပါသည်။

### ဓာတုကထာအဘိဓမ္မာတရားတော်မြတ်

ဓာတုကထာ မည်သာတွင်မှတ် အဘိဓမ္မာတရားတော်မြတ်ကို ခြောက်ရက်ကြာ ဟောကြားတော်မူခဲ့ပါသည်။ ဓာတုကထာ မည်သာတင့်ဆန်း အဘိဓမ္မာကျမ်းသည် သူတော်စင်အပေါင်း သူမြတ်လောင်းတို့အား တစ်ဆယ့်ရှစ်ပါး ဓာတ်အပြားတို့၌ လိမ္မာကျွမ်းကျင် ဉာဏ်အမြင်ကို အစဉ်မနား တိုးပွားဖြစ်ထွန်းစေတတ်သော တရားတော်မြတ်ဖြစ်ပါသည်။

### ပုဂ္ဂလပညတ် အဘိဓမ္မာကျမ်း

ပုဂ္ဂလပညတ် ခေါ်မှတ်တင့်ဆန်း စတုတ္ထအဘိဓမ္မာကျမ်းကို ခုနစ်ရက်ကြာ ဟောကြားတော်မူခဲ့ပါသည်။ ထိုပုဂ္ဂလပညတ် ခေါ်မှတ်မည်ဆန်း စတုတ္ထအဘိဓမ္မာကျမ်းသည် အနမတဂ်သံသာစက်မှ ခုထက်တိုင်ပင် အမျှင်မပြတ် စွဲယူမှတ်သည့် သတ္တဒိဋ္ဌိဝိပရိဖောက်ပြားအယူမှားကို ပယ်ရှားဖြတ်တောက်နိုင်သည့် တရားတော်မြတ်ဖြစ်ပါသည်။

### ကထာဝတ္ထု အဘိဓမ္မာကျမ်း

ကထာဝတ္ထု ခေါ်တွင်ပြုသား ဓမ္မုပဒေသနယထူဆန်း ပဉ္စမအဘိဓမ္မာကျမ်းကို ရှစ်ရက်ကြာ ဟောကြားတော်မူခဲ့ပါသည်။ ကထာဝတ္ထု ခေါ်တွင်ပြုသား ဓမ္မုပဒေသ နယမြားမြောင်တရားတည်းဟူသော အရုဏ်ရောင်ဖြင့် သစ္စာလေးဆင့် တွေးတွေးရင့်အောင် ပွင့်စေထွန်းစေ ပွင့်ထွန်းတော်မူစေခဲ့ပြီး မိစ္ဆာဝါဒီ လူဗာဟီတို့၏ မိစ္ဆာဒိဋ္ဌိဖုံးအုပ်ဖိ၍ ပြောမိပြောမှားဝါဒများကို ပယ်ရှားနှိမ်နင်းတော်မူခဲ့ပါသည်။

### ယမကအဘိဓမ္မာတရားတော်

ယမကတွင်ခေါ် ခြောက်ဆင့်မြောက် အဘိဓမ္မာတရားတော်ကို ရက်ပေါင်း ၂၀ ကြာ ဟောကြားတော်မူခဲ့ပါသည်။ ယမကခေါ်မှန်း ခြောက်ဆင့်မြောက် အဘိဓမ္မာကျမ်းကို သောင်းစက္ကဝါ နတ်ဗြဟ္မာတို့ သိပါစေဟူ ပြုတော်မူလျက် မူလယမက ခန္ဓယမက စသည်ဆယ်ပါး အပြားအားဖြင့် ထင်ရှားထုတ်ဖော်ဟောကြားတော်မူခဲ့ပါသည်။

### ပဋ္ဌာန်းတွင်ခေါ် အဘိဓမ္မာတရားတော်

ဓမ္မသင်္ဂဏီမှထောက် ခုနစ်ဆင့်မြောက်သော ပဋ္ဌာန်းတွင်ခေါ် အဘိဓမ္မာတရားတော်ကို ရက်ပေါင်း ၂၅ ရက်ကြာ ဟောကြားတော်မူခဲ့ပါသည်။ ပဋ္ဌာန်းတွင်ခေါ် တရားတော်ကြီးကို ဉာဏ်စက္ခုဖြင့် ကြည့်ရှုဆုံးဖြတ် သုံးသပ်တော်မူသော သကျဇိနော် စိန္တေယျော်၏ ရွှေတောင်နှုန်းလျော် မြတ်ကိုယ်တော်မှ ရောင်တော်ခြောက်သွယ် ပန်းနွယ်ပန်းညွန့်တို့သည် ဝန်းကျင်နှံ့စပ် အရပ်ဒီသာဆယ်မျက်နှာတို့သို့ စက္ကဝါနခမ်း အထက်အဇဋ္ဌာပြည့်လျှမ်းအောင် အဆန်းတကြယ်ယှက်ကူး၍ ကွန့်မြူးထွက်ကြွတော်မူကြပြီး ဉာဏသာဂရ ဂုဏ်လျှံပသား သဗ္ဗညုတရွှေဉာဏ်တော်၏ ဂေါစရဂါမ်မှတ်သား ကျက်စားရာလည်းဖြစ်တော်မူပါသည်။

အဘိဓမ္မာ ခုနစ်ကျမ်းတရား ဟောကြားတော်မူသော ရက်(ကာလ)တို့ကို သူတော်စင်ဓမ္မမိတ်ဆွေအပေါင်းတို့ သိရှိကြည်ညို ကုသိုလ်ယူနိုင်ကြပါစေရန် ဗုဒ္ဓ ဘုရားရှင်ဟောကြားတော်မူခဲ့သော "အဘိဓမ္မာဒေသနာ ရက်ပေါင်း ၉၀ ကြာ" ဟူ၍ ပဋ္ဌာန်းအရကောက်ကျမ်းလာ မှတ်တမ်းတင်ကဗျာကို မျှဝေဖော်ပြအပ်ပါသည် –

ဓမ္မသင် ဝိဘင်္ဂ၊ ဒွါဒသ ရက်စီ၊
ခြောက်ရက်ကြာ ကျမ်းဓာတုက်ရယ်နှင့်
ပုဂ္ဂလာခုနစ်ရက် ဟောမြွက်ခဲ့သည်။
ကထာဝတ် ရက်ရှစ်ညီ၊
ဝီသာ ပယမိုက်ကျမ်း
ပဥ္စဝီ ပဋ္ဌာနရယ်လို့
လ သုံးလီ မယ်တော်မိကို
ဟောသည့်ရက်တမ်း။ ။

**မှီငြမ်း။ ။ ပဋ္ဌာန်းအရကောက်ကျမ်းနှင့် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းတောင်ရိုး ဓမ္မနာဒ ဆရာတော်ကြီး၏ အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံစာစောင်တို့ကို မှီငြမ်းပါသည်။**

■

"ဘုရားရှင်သည် ဓမ္မိဿရ ထွတ်ဖျား၊ ဘုရားဖြစ်တော်မူသည်မှ ခုနစ်ဝါမြောက်သောနှစ်တွင် တာဝတိံသာ နန်းသိင်္ဂါဝယ် ဣန္ဒာသန ဓမ္မပလ္လင် ကသစ်ပင်အောက် ဘုန်းရှိန်ဆောက်သား မြကျောက်နှလ္ဖာ ပဏ္ဍုကမ္ဗလာ၌ စက္ကဝါပေါင်း တိုက်တစ်သောင်းမှ ခညောင်းရောက်လာကြကုန်သော မယ်တော်ဖြစ်ခဲ့ဖူးသည့် သန္တုဿိတ နတ်သားအမျိုးရှိသော နတ်ဗြဟ္မာတို့အား ဘဝသုံးခင်း နှောင်အိမ်တွင်းမှ ကျော်နင်းလွတ်မြောက်ကြပါစေခြင်းအကျိုးငှာ ဂမ္ဘီရာနည်းစုံပြွမ်းသည့် နက်နဲကျယ်ဝှမ်း အဘိဓမ္မာခုနစ်ကျမ်းတည်းဟူသော တရားတော်ကို လူတို့၏ သတ်မှတ်ချက် ချိန်တာကာလအားဖြင့် ဝါတွင်းသုံးလ (ရက်ပေါင်း ၉၀) ကာလပတ်လုံး အကျယ်အားဖြင့် ဟောကြားတော်မူခဲ့"

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကျင်းပမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်ထား ရှိပါသည်။

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) (၉-၁၀-၂၀၂၂)ရက် တနင်္ဂနွေနေ့ နံနက်(၅:၃၀)နာရီတွင် စေတီတော်မြတ်ကြီးတွင်ရှိသော ဗုဒ္ဓဆင်းတုတော် များအား အရုဏ်ဆွမ်း(ပန်း၊ ရေချမ်း၊ ဆီမီး) ဆက်ကပ်လှူဒါန်းပါမည်။ နံနက်(၇:၀၀)နာရီတွင် နန်းဦးတန်ဆောင်း၌ အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ အဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ် ပူဇော်ခြင်းနှင့် မေတ္တာဘာဝနာပွားများဖြင်း အခမ်းအနားအစီအစဉ်အား ဆက်လက် ဆောင်ရွက်မည်ဖြစ်ပြီး စေတီတော်ကြီးအား ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင်များနှင့် ရွတ်ဖတ်ပူဇော်မည့်ဝတ်အဖွဲ့များမှ လက်ယာရစ် တစ်ပတ်လှည့်လည်၍ အောင်မြေ၌ ရွတ်ဖတ်ပူဇော်သည့် အခမ်းအနားအား “ဗုဒ္ဓသာသနံစိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းပါမည်။ ညနေ(၁၇:၃၀)နာရီတွင် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများနှင့် ဗုဒ္ဓဝေယျာဝစ္စ အကျိုးဆောင်အသင်းများက တိုးချဲ့ ဓမ္မရင်ပြင်တွင် ဆီမီး(၉၀၀၀)ဖြင့် ထွန်းညှိပူဇော်ကျင်းပမည်ဖြစ်ပါ၍ ရဟန်းရှင် လူပြည်သူများ ပါဝင်ကုသိုလ်ပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုန်-၆(သကတ-၉)၊လူနေရပ်ကွက်အမှတ်-စက်မှုမြို့၊ မြေကွက်အမှတ်-(၃/ဃ-၄)၊ မြေဧရိယာ(၁.၈၅)ဧက၊ နှစ်(၆၀) ဂရန်မြေကွက်နှင့်မြေပေါ်ရှိအဆောက်အဦးများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ဦးသက်လွင်(၁၂/လသန(နိုင်)၀၀၈၅၆၃) ထံမှကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါကပိုင်ဆိုင်မှုအထောက်အထားများ၊ စာချုပ်စာတမ်းမူရင်းများနှင့် အတူဤကြော်ငြာပါသည့် နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စုဖြိုးဝေ LL.B အထက်တန်းရှေ့နေ(စဉ်-၄၂၇၈၃)
တိုက်အမှတ်(၂၀)၊ အခန်း(၇)၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာ။
ဖုန်း: 09-250208887, 09-5054804

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ သုခ(၅၁)လမ်း၊ တိုက်အမှတ် (၃၃+၃၄)၊ အခန်းအမှတ် (ဘီ/၃)၊ (၃-လွှာ) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၁၄ ပေx အနံ ၄၀ပေ) ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇင်သူလှိုင် [၁၂/လမန(နိုင်) ၁၄၃၆၉၉] မှ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ပို့ပို့မင်း [၁၂/လမန(နိုင်)၁၁၉၂၂၆] ထံသို့ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ သတင်းစာတွင်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝါဝါမေဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၅၄)**
**အမှတ်(၁၂၃)၊ (စ)လမ်း၊ (၆) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၁၇၈၂၃**

### ပတ်စ်ပို့ပျောက်

ကျွန်မ မအိဖြူစင် [၁၂/သလန (နိုင်) ၁၀၇၀၅၈]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

**ဖုန်း-၀၉-၉၇၈၀၅၁၆၁၉**

**ဒဂုံမြို့သစ်**
**အရှေ့ပိုင်း၊ တောင်၊**
**ဆိပ်ကမ်းမြောက်ပိုင်း**
**မြေကွက်များ**
**(အထူး)ဝယ်လိုသည်။**
**09-5055540**
**09-788322253**

**အပြင်ထွက်တိုင်း**
**ပါးစပ်နှင့် နှာခေါင်းစည်း**
**(MASK) ကို**
**စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

**ညအချိန် အိပ်နေချိန်တွင်**
**လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉/ဘီ၊ မြေကွက်အမှတ်-၁၇၅၊ မြေကွက်တည်နေရာအမှတ်(၂၈)၊ အကောက်ခွန်(၆)လမ်း၊ (၃၉/ဘီ)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (ဦးအောင်သန်း)(AA-၀၉၂၀၇၃) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် (ဖခင်) ဦးအောင်သန်းနှင့်(မိခင်) ဒေါ်ခင်စန်းတို့အသီးသီးကွယ်လွန်ခဲ့ကြကြောင်း ကွယ်လွန်သူ (ဖခင်) နှင့် (မိခင်) တို့တွင် ဒေါ်နွယ်နီအောင် [၉/မရမ(နိုင်)၀၀၇၆၆၇]၊ ဒေါ်လှလှအောင် [၁၂/သဃက(နိုင်)၀၆၄၈၁၀]တို့ သမီးအရင်းများအဖြစ် ၎င်းတို့ (၂)ဦးတည်းသာ ကျန်ရှိခဲ့ကြောင်း၊ အခြားသောသားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းမရှိပါကြောင်း၊ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ (၂)စောင်၊ (ဖခင်) ဦးအောင်သန်း၏ သေဆုံးမှုလက်မှတ်၊ (မိခင်) ဒေါ်ခင်စန်း၏ သေဆုံးမှု လက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### “လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်၊ စိန်ပန်းလမ်း၊ အမှတ်(ဆ/၁) တွင် နေထိုင်သော ဦးအောင်ထက်ဟန် [၁၂/ကတတ(နိုင်)၀၃၀၂၉၅]သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-

THE SPICY HOUSE

**စာချုပ်အမှတ်- ၆၁၆၈/ ၂၀၁၆ (နေ့စွဲ- ၂၀-၅-၂၀၁၆)**

အထက်ဖော်ပြပါ The Spicy House ဟူသောအမည်ဖြင့် မာလာရှမ်းကော၊ မာလာမောက်ချိုက်၊ မာလာထန်း အစရှိသော စားဖွယ်စုံများအား ချက်ပြုတ်ပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် စားသောက်ဆိုင်ခန်းများ ဖွင့်လှစ်ကာ ရောင်းချလျက် ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ The Spicy House လုပ်ငန်းအမှတ်တံဆိပ်အမည်အား မည်သည့်ပုံစံဖြင့်မဆို မှိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားတူမှအစ ဆင်တူယိုးမှားဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မှိုငြမ်းတုပ၍ မာလာရှမ်းကောဆိုင်များ၊ စားသောက်ဆိုင်များဖွင့်လှစ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်၊ မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။

**ဦးအောင်ထက်ဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမင်းမင်းသိမ့် (LL.B, D.B.L, D.I.L, D.M.L) ဒေါ်နှင်းယုယဖြိုး(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇) အထက်တန်းရှေ့နေ (စဉ်-၅၁၅၆၇)**
**The Solution Power Law Firm- အမှတ်(၉၃၆)၊ ရွှေနှင်းဆီ (၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၀၉၃၂**

### ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၉-ရပ်ကွက်၊ မြမာလာ (၁)လမ်း၊ အမှတ် (၁၀၉/ခ) ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၁၀၉/ခ၊ ဧရိယာ (၀.၀၂၇)ဧကနှင့် မြေပို (၁၀x၆၀)၊ မြေအမျိုးအစား-ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ မြေနှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးကျော်ဆွေ (ZIN-၀၇၃၂၀၁) အမည်ဖြင့်ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူများဖြစ်သည့် (၁) ဦးကောင်းဝေသော် [၆/ပလန(နိုင်)၀၄၇၅၄၆] (၂)ဒေါ်စန္ဒာဦး [၉/ခအဇ(နိုင်)၀၀၆၁၈၈]တို့က မိမိတို့ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇) ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဟိန်းစိုး ဦးသန်းဦး**
**အထက်တန်းရှေ့နေ (စဉ်-၄၈၉၃၃) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၃၇-ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၁၃၄၀)ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ မြေကွက်အမှတ်-၁၃၄၀၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ မြေနှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင် ဦးဝင်းဟို (ခ) ဦးဝင်းအောင် [၁၂/လမန(နိုင်)၁၁၂၈၁၂]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထား ပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဟိန်းစိုး ဦးသန်းဦး**
**အထက်တန်းရှေ့နေ (စဉ်-၄၈၉၃၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ကန့်ကွက်နိုင်ပါကြောင်း

(၁) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၇၀၀)၊ အကျယ်အဝန်း (အလျား၆၀ပေxအနံ၄၀ပေ)ရှိ ဒေါ်ခင်မာဖြူ[၁၂/လမန(နိုင်)၀၅၄၈၀၁]အမည်ပေါက် ပါမစ်မြေကွက်၊

(၂) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၇၀၁)၊ အကျယ်အဝန်း (အလျား၆၀ပေxအနံ၄၀ပေ)ရှိ ဒေါ်အေးမမ(IGO-122146)[၁၂/မရက(နိုင်)၀၃၄၆၆၅]အမည်ပေါက် ပါမစ် မြေကွက်၊

(၃) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၇၀၂)၊ အကျယ်အဝန်း (အလျား၆၀ပေxအနံ၄၀ပေ)ရှိ ဒေါ်ခင်စန်းဝင်း(ISN-558494)[၁၂/အစန(နိုင်)၀၉၆၆၆၄]အမည်ပေါက် ပါမစ် မြေကွက်၊

အထက်ပါမြေကွက်(၃)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သီတာဝင်း[၁၂/ဥကမ(နိုင်) ၁၇၀၈၀၅]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မွန်မွန်ချို(LL.B) ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၄၅၀/ခ)၊ ဒုတိယထပ်၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရပ်ကွက်အမှတ်(၁)၊ သုမိတ္တာ (၁၅)လမ်း၊ မြေကွက်အမှတ်(၅၄၂/က)ဟုခေါ်တွင်သော (၂၅ပေx၅၀ပေ) ရှိ ဦးသောင်းမြင့်နှင့် ဦးသိန်းတန် နှစ်(၆၀)ဂရန်အမည်မှ ဦးသောင်းမြင့်သည် အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၇၂၇၂ ဖြင့် ဦးသိန်းတန်၏သား ဦးမျိုးထွန်း [၁၂/ဥကမ(နိုင်)၂၀၁၀၀၀]အား ယနေ့မှစ၍ အပြီးအပိုင်လွှဲပြောင်း ပေးအပ်လိုက်ပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးသောင်းမြင့် အမည်ပါသော ဂရန်နှင့်ပတ်သက်၍ နောက်နောင်ဖြစ်ပေါ်လာသော ကိစ္စရပ်များ၊ အရှုပ်အရှင်းများနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးသောင်းမြင့် [၁၂/ဥကမ(နိုင်)၁၅၂၂၅၂]နှင့် မည်သို့မျှ မသက်ဆိုင်တော့ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဦးသောင်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်နွယ်ဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၁၃)**
**အမှတ်(၁၁၇၇)၊ သုဓမ္မာလမ်းမ၊ ၂/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၀၂၅၁၂၉၀၁**

### မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၁၆)လမ်း၊ အမှတ် ၆၃၀၊ ဧရိယာ(၁၂ပေခွဲx၅၀ပေ)ရှိ ဒေါ်ဘီဘီဂရန်အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် မြေညီထပ်အခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၁၆)လမ်း၊ အမှတ် ၆၃၀၊ ဧရိယာ(၂၅ပေx၅၀ပေ)ရှိ ဒေါ်ခင်ရွှေနှင့် ဒေါ်ဘီဘီ နှစ်(၆၀)ဂရန် အမည်ပေါက် မြေကွက်အနက် ဒေါ်ဘီဘီ ပိုင်ဆိုင်သော (၁၂ပေခွဲx၅၀ပေ)အား ဒေါ်ဘီဘီ၏သမီးများဖြစ်သော ဒေါ်လှလှဝင်း[၁၂/ဥကမ(နိုင်)၂၈၈၀၇၁]နှင့် ဒေါ်ညို ညိုမြေး[၁၂/ဥကမ(နိုင်)၁၅၄၅၇၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းဝေစိုး[၇/ ညလပ(နိုင်)၁၆၄၇၁၂]မှ အဆိုပါမြေနှင့် ထိုမြေပေါ်ရှိ ၆ ထပ်တိုက် အဆောက်အဦ၏ မြေညီထပ်အား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက် နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်း အဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်နှင်းဝေစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နွယ်ဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၁၃)**
**အမှတ်(၁၁၇၇)၊ သုဓမ္မာလမ်းမ၊ ၂/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၀၂၅၁၂၉၀၁**

### ရွှေပြည်သာမြို့နယ်၊ ကွမ်းခြံကုန်းလမ်း၊ ဈ/၃၄/၅၄၃(က)ဟုခေါ်တွင်သော ဧရိယာ(၂၀ပေx၆၀ပေ)၊ ဦးလှသိန်းပါမစ်အမည်ပေါက်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအား အရောင်းအဝယ် ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ကွမ်းခြံကုန်းလမ်း၊ ဈ/၃၄/၅၄၃(က) ဟုခေါ်တွင်သော ဧရိယာ(၂၀ပေx၆၀ပေ)၊ ဦးလှသိန်းပါမစ် အမည်ပေါက်ထံမှ အရောင်းအဝယ်အဆင့်ဆင့်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော ဦးပေါ်ငယ်၏ တရားဝင်သားဖြစ်သူ ဦးရဲမင်းထွန်း [၁၂/မရက(နိုင်)၁၆၀၂၆၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးသိန်းထွန်းဦးသည် အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦတို့အား ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့် အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးသိန်းထွန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နွယ်ဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၁၃)**
**အမှတ်(၁၁၇၇)၊ သုဓမ္မာလမ်းမ၊ ၂/ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၀၂၅၁၂၉၀၁**

### ကိုစိုင်းအောင်စည်ဟိန်း [၁၃/ရစန(နိုင်)၁၀၇၈၄၀] နှင့် အများသိစေရန်ကြေညာချက်




Ananda Tayzar Trading ကုမ္ပဏီတွင် ယာဉ်မောင်းအဖြစ် တာဝန်ထမ်းဆောင်နေသော ကိုစိုင်းအောင်စည်ဟိန်း [၁၃/ရစန (နိုင်)၁၀၇၈၄၀](ဘ)ဦးစိုင်းသန်းထိုက်[၁၃/နစန(နိုင်)၀၂၅၈၀၈] သည် အထက်ဖော်ပြပါကုမ္ပဏီ အမည်ပေါက် ယာဉ်အမှတ် (1L/ 8279Hijet) အဖြူရောင်ယာဉ်အား ၂၃-၉ -၂၀၂၂ရက်တွင် ရုံးဖယ်ရီ ပို့ပေးပြီးအချိန် ညနေ ၅:၃၀ နာရီမှ ၆:၀၀နာရီ နောက်ပိုင်း၌ မော်တော်ယာဉ် ပြန်လည်၍ မရောက်ရှိလာသောကြောင့် ဖုန်းဖြင့် ဆက်သွယ်ရာတွင် ဆက်သွယ်၍မရတော့ဘဲ ကိုယ်ကျိုးအတွက် ခိုးယူသွားသောကြောင့် ၂၄-၉-၂၀၂၂ရက်တွင် မရမ်းကုန်းရဲစခန်း၌ အမှုဖွင့်တိုင်ကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနသို့ ယာဉ်သက်တမ်းတိုးခြင်းနှင့် ယာဉ်အမည်ပေါက် ပြောင်းလဲ ခြင်းများကို ခေတ္တရပ်ဆိုင်းထားပေးပါရန် တင်ပြခြင်းများ ပြုလုပ် ထားပြီးဖြစ်ပါသောကြောင့် မော်တော်ယာဉ်နှင့် လူကိုတွေ့ရှိပါက အကြောင်းကြားပေးပါရန် တောင်းဆိုအပ်ပါသည်။

ဖော်ပြပါ မော်တော်ယာဉ်အားတွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**Ananda Tayzar Trading Company**
**ဆက်သွယ်ရန် ဖုန်း-၀၉-၉၇၀၉၀၀၇၇၇**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

**(၄၃)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် ထီပေါက်စဉ် ၂၀၂၂ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့** *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

င - ၂၅၇၇၃၂

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

ဂ - ၃၁၆၅၀၀

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၅၀၀) ဆု (၁)ဆု

ခ - ၂၉၇၆၃၃

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

က - ၈၉၈၃၂၆ ည - ၉၃၃၅၇၇

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၂၀၀) ဆု (၁)ဆု

ဂ - ၄၁၀၅၄၀

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | |
|---|---|
| က - ၂၁၂၇၁၃ | ခ - ၄၈၁၀၃၉ |
| စ - ၃၂၆၃၀၄ | က - ၈၈၆၈၃၁ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ဈ - ၂၃၃၈၈၆ | ည - ၇၃၁၅၀၃ |
| စ - ၃၅၆၁၃၈ | က - ၉၀၃၈၉၁ |
| ဆ - ၅၄၄၅၃၇ | ဇ - ၉၃၃၄၅၂ |
| င - ၆၃၆၅၅၆ | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | |
|---|---|
| ဃ - ၂၅၅၆၉၅ | ဆ - ၆၉၃၀၁၀ |
| ဆ - ၂၆၁၁၂၆ | ဇ - ၇၂၆၀၄၈ |
| ခ - ၂၇၇၄၉၂ | ဃ - ၇၄၇၆၃၇ |
| ဈ - ၄၁၇၈၉၀ | ဃ - ၈၄၇၄၇၃ |
| ဃ - ၄၉၈၆၇၆ | ဂ - ၈၆၈၈၂၀ |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်းရငွေများအပါအဝင်)အားပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၂၀)ဆု (၁)ဆု

င - ၂၅၇၈၄၉

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | |
|---|---|
| ဃ - ၁၅၁၂၉၆ | ဂ - ၄၈၁၆၆၃ |
| ခ - ၁၅၁၆၄၃ | ဆ - ၆၉၃၉၈၇ |
| ည - ၂၄၂၅၇၇ | ဂ - ၈၇၆၉၄၈ |
| ည - ၂၉၇၁၂၇ | င - ၈၉၃၉၈၅ |
| ဃ - ၃၀၃၇၁၂ | ည - ၈၉၆၀၈၁ |
| ဈ - ၄၂၁၇၀၇ | င - ၉၃၂၅၅၄ |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

စ - ၂၁၇၂၇

င - ၂၉၂၈၁

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂)ယူနစ်

ခ - ၁၄၉၀

ဈ - ၄၁၆၉

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၁၆)ယူနစ်

| | | | |
|---|---|---|---|
| င - ၂၀၆ | ဆ - ၃၀၅ | ဈ - ၅၉၄ | စ - ၇၆၈ |
| စ - ၂၄၆ | ဈ - ၃၄၁ | ဃ - ၆၂၁ | င - ၇၇၁ |
| ခ - ၂၈၅ | ဆ - ၄၀၃ | ဃ - ၆၃၁ | ဇ - ၈၆၄ |
| ဂ - ၂၉၀ | ဆ - ၅၂၉ | ဃ - ၇၅၈ | ဇ - ၉၇၄ |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ (၁)ယူနစ်

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်ငါးသောင်းဆု ( ၁ ) ယူနစ်

ည - ၉၇

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆုများ (၁)ယူနစ်

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်း ရငွေများ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်တစ်သောင်းဆု ( ၁ ) ယူနစ်

င - ၂

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

က - ၂၆၈၅၀၂ ဆ - ၄၉၈၈၅၁ င - ၇၁၇၇၇၈

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၅)ယူနစ်

| | |
|---|---|
| ဈ - ၁၆၂၀၁ | ဆ - ၆၂၂၄၄ |
| ဇ - ၁၇၆၅၃ | စ - ၇၅၄၁၈ |
| ဇ - ၄၂၂၀၂ | |

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

က - ၂၀၄၃

စ - ၈၀၆၆

စ - ၉၅၅၃

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

၁။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၄၃)ကြိမ်မြောက် ကျပ် (၁၀၀၀)တန်အတွက် ဆုမဲ (၅၄၇၉၃)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၄၄)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ည) အက္ခရာထိ အက္ခရာ (၁၀)လုံး ဖြစ်ပါသည်။

၃။ (၄၃)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများ အား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၃-၁၀-၂၀၂၂ )ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည် ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၁၂-၁၀-၂၀၂၂ ) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် လိုင်စင် ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

**ကျွန်တော်နဲ့တွေ့ဆုံဆွေးနွေးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဒုတိယအကျော့ ထပ်မံဆွေးနွေးပါမယ်။ တစ်ချိန်တည်းမှာပဲ မဆွေးနွေးရသေးတဲ့ EAO များကိုလည်း ကျွန်တော် ထပ်မံဖိတ်ခေါ်ပါတယ်။ မိမိဒေသ၊ မိမိလူမျိုးကို တကယ်ကောင်းကျိုးဆောင်ဖို့လိုလားတယ်ဆိုရင် ဆွေးနွေးပါ။ တောင်းဆိုပါ။ တရားဝင်နိုင်ငံရေးစင်မြင့်ကို တက်လှမ်းကြဖို့ ကျွန်တော် ပြောလိုပါတယ်။ ဒါတွေဆောင်ရွက်ဖို့ ကျွန်တော်တို့ တံခါးကျယ်ကျယ်ဖွင့်ထားပါတယ်။ ရဲရဲသာလျှောက်လှမ်းခဲ့ကြပါလို့ ကျွန်တော် ပြောလိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့်ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ချမှတ်ပေးထားသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်

## ရဲစည်းကမ်း၊ ရဲကျင့်ဝတ်များနှင့်အညီ စံပြပြုမူဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် ပြည်သူလူထုတစ်ရပ်လုံးက လေးစားအားကိုးရလောက်သည့် ဥပဒေဘက်တော်သားများဖြစ်လာစေရန် ကြိုးစားဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

**ယနေ့** ဖတ်စရာ

### မြင်းခြံမြို့နယ် မြောက်ကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်

စာမျက်နှာ » ၁၆

### ဆိုးအကျင့်ဖျက်ဆီးခြင်း

စာမျက်နှာ » ၂၀၊ ၂၁

## စပါးအသင်းကို အနိုင်ရပြီး အမှတ်ပေးဇယားထိပ်ဆုံးမှာ အာဆင်နယ်အသင်း ဆက်လက်ရပ်တည်

ပရီမီယာလိဂ် ပွဲစဉ်(၈)ရဲ့ အောက်တိုဘာ ၁ ရက်ညပိုင်း အစောဆုံးပွဲစဉ်နဲ့ လန်ဒန်ဒါဘီပြိုင်ပွဲတွေထဲမှာ ပြိုင်ဆိုင်မှု အပြင်းထန်ဆုံးဖြစ်တဲ့ အာဆင်နယ်အသင်းနဲ့ စပါးအသင်းတို့ရဲ့ ပွဲစဉ်မှာ အာဆင်နယ်အသင်းက စပါးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့ပါတယ်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ○

